ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ တနင်္လာနေ့၊ (20-6-2005) (၄၆၃၂)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရအား ဆွမ်းဆန်တော်နှင့် ဆီ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျိုင်းတုံမြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ ဆရာတော်သံဃာတော်များအား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆွမ်းဆန်တော်များဆက်ကပ် ကျိုင်းတုံ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်း အလှူမင်္ဂလာအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပြီး စာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှု အားပေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ စက်ချုပ်သင်တန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀-၆-၂၀၀၅
(တနင်္လာနေ့)

အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန် မြှင့်တင်

မြန်မာအမျိုးသမီးများ စွမ်းဆောင်ရည် ပိုမိုမြင့်မားရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် အမျိုးသမီးဦးရေသည် အင်အားပမာဏ ကြီးမားသော အမျိုးသားရေးအင်အားစုကြီးအဖြစ် ရပ်တည်လျက်ရှိသည်။ မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်တွင် မျိုးချစ်စိတ်ပြင်းထန်ပြီး စွမ်းရည်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်များအဖြစ် ပေါ်ထွန်းခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်မျိုးသားလုံး၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ အင်အားပမာဏ များပြားလှသော အမျိုးသမီးစွမ်းအားစုများ အင်တိုက်အားတိုက် ပါဝင်လာနိုင်စေရန် စီမံဆောင်ရွက်ပေးနေသည်။

မြန်မာအမျိုးသမီးများအား တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်ထွန်းရေးတို့အပြင် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင် အင်အားစုအဖြစ် ဖြစ်ပေါ်လာစေရေး ဦးတည်ပျိုးထောင် အားပေးလျက်ရှိသည်။

မြန်မာအမျိုးသမီးများသည် ရှေးအစဉ်ဆက်ကတည်းက ဥပဒေအရလည်းကောင်း၊ ယဉ်ကျေးမှုအစဉ်အလာ ဓလေ့ထုံးစံအရလည်းကောင်း အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးများ ရရှိခဲ့ကြသကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အစဉ်အလာကောင်းများလည်း ရှိခဲ့သည်။

လက်ရှိအခြေအနေတွင် နိုင်ငံတော်က အမျိုးသမီးများအတွက် ထိရောက်သော မူဝါဒများချမှတ်ပြီး အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ဘက်စုံထောင့်စုံက အားပေးဖြည့်ဆည်း ကူညီနေသည်။ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ထွန်းလာစေရန် အားပေးချီးမြှောက်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များတွင် ထူးချွန်ထက်မြက်သည့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ များစွာပေါ်ထွက်လာသည်ကို တွေ့မြင်နေရသည်။

ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍများ၌ အမျိုးသမီးများပါဝင်၍ ဦးစီးဦးဆောင်ပြုနေကြပြီဖြစ်သည်။ အားကစား၊ ယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍ အထွေထွေတို့၌လည်း ထွန်းပေါက်အောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များ ပေါ်ထွက်လျက်ရှိသည်။

ဆောက်လုပ်ရေးကဏ္ဍတွင်လည်း အမျိုးသမီးအင်ဂျင်နီယာများ ပါဝင်လုပ်ကိုင်လျက်ရှိရာ စွမ်းဆောင်အောင်မြင်မှုများ ပိုမိုတိုးတက်ရရှိရေး ကြိုးပမ်းလျက်ရှိသည်။ ပဲခူးတိုင်းအတွင်းဖွင့်လှစ်ခဲ့သည့် ရဲနွယ်တံတားသည် မြန်မာနိုင်ငံအတွင်း အမျိုးသမီးအင်ဂျင်နီယာများ ပထမဆုံးဆောက်လုပ်ခဲ့သည့် တံတားဖြစ်သည်။ မြန်မာအမျိုးသမီးများ၏ စွမ်းပကားနှင့် အခန်းကဏ္ဍကို မြှင့်တင်ပေးလိုက်သော မှတ်တိုင်တစ်ခုပင်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စနစ်တကျဖွဲ့စည်းထားပြီးဖြစ်ရာ မြန်မာအမျိုးသမီးများအရေး၊ နိုင်ငံတော်၏ အရေးကိစ္စများကို အခြေခံဖြစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်များအထိ ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူ လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးအတွက် မွန်မြတ်သော အမျိုးသားရေး အကျိုးစီးပွားသက်သက်ကိုသာ ရှေးရှုဖွဲ့စည်းထားသည်နှင့်အညီ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသမီးရေးရာ ကိစ္စရပ်များကို တစ်နိုင်ငံလုံး အတိုင်းအတာအထိ လွှမ်းခြုံဆောင်ရွက်ပေးနိုင်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးအနေဖြင့် မိမိတို့ရရှိထားသည့် အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို မြှင့်တင်ရင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေး၊ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်များ အစဉ်တိုးတက်မြင့်မားနေစေရေးအတွက် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ သင်တန်းဆင်းပွဲများ တက်ရောက်

ရန်ကုန် ဇွန် ၁၉

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ဒိုက်ဦးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး မြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သော အမှုဆောင်များ စီမံခန့်ခွဲရေးဆင့်ပွားသင်တန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများဆင်းပွဲသို့ တက်ရောက်သည်။ အခမ်းအနားသို့ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်း၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းသား၊ သင်တန်းသူများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြား၍ သင်တန်းအလိုက် ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညောင်လေးပင်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ညောင်လေးပင်မြို့နယ် အသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်ခဲ့သော နွေရာသီသင်တန်းများ ဆင်းပွဲသို့ တက်ရောက်သည်။ အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး သင်တန်းများ၌ ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကျောက်တံခါးမြို့နယ် အသင်းရုံး၌ ပြုလုပ်သော မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ဖွင့်လှစ်ပြီးသော အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တပညာသင်တန်း၌ ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ကညွတ်ကွင်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဖြူးမြို့နယ် ကညွတ်ကွင်း အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဖြူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သော အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တ ပညာသင်တန်းများ ဆင်းပွဲသို့ တက်ရောက်သည်။ ရှေးဦးစွာ မြို့နယ်အသင်းဝင် သင်တန်းသား၊ သင်တန်းသူများက "ရာသက်ပန် ပြည်ထောင်စု" သီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားစတင်ပြီး ဗဟိုအလုပ်အမှုဆောင်က အမှာစကား ပြောကြားသည်။

သံပြိုင်သီဆို

ထို့နောက် သင်တန်းအသီးသီး၌ ထူးချွန်ဆု ရရှိကြသူများအား ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တိုင်း၊ ခရိုင်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်တို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး ကညွတ်ကွင်းဒေသ၏ အသင်းဝင် အဆိုပြုလွှာများကို စည်းရုံးရေးမှူး ဦးစိုးတင့်က ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လက်ခံသည်။ ယင်းနောက် အသင်းဝင်များက "ပြည်မြန်မာ" သီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ညောင်ပင်သာ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ညောင်ပင်သာတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဖြူးမြို့နယ် အသင်းဝင်များ၏ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။ ယင်းနောက် တိုက်နယ်ဆေးရုံ ယာယီခန်းမ၌ ဖြူးမြို့နယ် အလုပ်အမှုဆောင် ဦးမြင့်ဦးက ကိုယ့်အားကိုယ်ကိုး ညောင်ပင်သာရွာ-ကညွတ်ကွင်း ကျေးလက်လမ်း ဖောက်လုပ်မှုနှင့် ယင်းလမ်းပေါ်မှ အရှည်ပေ ၆၀ ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၈ ပေရှိ သစ်ပတ်ချောင်းတံတား တည်ဆောက်မှု အခြေအနေများကို လည်းကောင်း၊ ဦးကြည်လှိုင်က ညောင်ပင်သာ တိုက်နယ်ဆေးရုံ တည်ဆောက်မှု အခြေအနေနှင့် လိုအပ်ချက်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ် အမှုဆောင် ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

တက်ရောက်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် တောင်ငူမြို့နယ် အသင်းရုံးသို့ ရောက်ရှိပြီး တောင်ငူမြို့နယ် အတွင်း ဖွင့်လှစ်ခဲ့သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းများ ဆင်းပွဲသို့ တက်ရောက်သည်။

ရုပ်သိမ်း

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး သင်တန်းအသီးသီး၌ ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ဒိုက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ သင်တန်းဆင်းပွဲ တွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ရထား)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများအား ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တွေ့ဆုံအားပေး

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့နံနက်ရနာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ ရောက်ရှိလာပြီး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် ဂျူဒို အားကစားသမားများအားတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး အားကစားသမားတစ်ဦးချင်းအား လေ့ကျင့်ရေး ဝတ်စုံများ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် စားပွဲတင် တင်းနစ် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားသမား တစ်ဦးချင်းအား လေ့ကျင့်ရေး ဝတ်စုံများ ပေးအပ်သည်။

ပေးအပ်

ထို့နောက် ဝန်ကြီးသည် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အတွက် လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ရေကူးအားကစားသမားများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ လေ့ကျင့်ရေးဝတ်စုံများ ပေးအပ်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် အမျိုးသားရေကူးကန်၌ လေ့ကျင့်လျက်ရှိသည့် မျိုးဆက်သစ် ဒိုင်ဗင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

✻ ကိုယ့်အားကိုယ်ကိုးမှ

အဆိုပါ တံတားဖွင့်ပွဲသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး သိန်းလွင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းနှင့် တိုင်း၊ ခရိုင် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ကိုယ့်အားကိုယ်ကိုး ခပေါင်းချောင်းကူးကျေးလက်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အခမ်းအနားတက်ရောက်လာသူများက တံတားပေါ်မှ ဖြတ်သန်းကြည့်ရှု၍ အုတ်တွင်းမြို့နယ် မန်ကျည်းပင်စုကျေးရွာ ဇဟိုမဏ္ဍပ်၌ တံတားဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားပြီး ဇဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကား ဆက်လက်ပြောကြားသည်။

ထို့နောက် တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်ရှိန်က တံတားတည်ဆောက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ကင်းဆိပ်ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့ကို ဆက်သွယ်ပေးသည့် ကိုယ့်အားကိုယ်ကိုးတံတားမှာ ကမ်းကပ်ခုံ ၃၂ပေ အပါအဝင် အရှည်ပေ ၄၀၀၊ အကျယ် ရှစ်ပေရှိ သစ်သားတံတားဖြစ်ပြီး ကြက်တက်ညောင်ပင် ဆရာတော် ဘဒ္ဒန္တ ဝိဇိတ အမှူးပြု၍ ဒေသခံရပ်မိရပ်ဖနှင့် ပြည်သူများ၊ တောင်ငူခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းကာ ငွေကျပ်သိန်း ၁၂၀ အကုန်အကျခံ၍ တည်ဆောက်ခြင်းဖြစ်သည်။ တံတားပြီးစီးသွားသည့်အတွက် နယ်မြေရှိ ကြက်တက်ညောင်ပင်၊ တောပု၊ ဝဲဒေါင့်၊ ရွှေလောင်း ကျေးရွာအုပ်စု လေးအုပ်စုမှ ကျေးရွာ၂၄ရွာရှိ ဒေသခံပြည်သူများအတွက် များစွာအကျိုးပြုသည်။

ဆက်လက်၍ ဇဟိုအလုပ်အမှုဆောင်သည် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပဲခူးတိုင်း အတွင်းရေးမှူး ဦးစောမော်ထွန်းတို့ လိုက်ပါ၍ ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာမြို့နှင့် ရှေဦးကျေးရွာ ဆက်သွယ်သော ဆွာချောင်းကူးတံတားသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ထောက်ကြံ့ကွင်းကျေးရွာ ဇဟိုမဏ္ဍပ်၌ ဇဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားပြီး ရေတာရှည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက တံတားတည်ဆောက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထောက်ကြံ့ကွင်း ကျေးရွာမှ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တံတားသစ်ကို ဇဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တံတားသစ်အပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဆွာချောင်းကူးတံတားမှာ ကမ်းကပ်ခုံ ၁၃၅ပေ အပါအဝင် အရှည် ၆၃၈ပေ၊ အကျယ်ရှစ်ပေရှိ သစ်သားတံတားဖြစ်ပြီး ငွေကျပ်သိန်း ၉၀ အကုန်အကျခံကာ ဒေသခံပြည်သူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားပြီးစီးသွားသည့်အတွက် နယ်မြေရှိ ကျေးရွာအုပ်စုခုနစ်စု၊ ကျေးရွာ ၂၃ ရွာမှ ရဟန်းရှင်လူ၊ ကျောင်းသား၊ ကျောင်းသူများအတွက် များစွာ အထောက်အကူပြုစေကြောင်း သိရှိရသည်။

ဆက်လက်၍ ဇဟိုအလုပ်အမှုဆောင်သည် ရေတာရှည်မြို့နယ် အသင်းရုံးသို့ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်ခဲ့သော သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် ဇဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး သင်တန်းအသီးသီး၌ ထူးချွန်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဇဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ထိုမှတစ်ဆင့် အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိရတနာခန်းမသို့ ရောက်ရှိပြီး အုတ်တွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်ခဲ့သော အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဇဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကားပြောကြားပြီး သင်တန်းများ၌ ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဇဟိုနာယကအဖွဲ့ဝင်၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပဲခူးတိုင်း တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ် ဆက်သွယ်သော ကိုယ့်အားကိုယ်ကိုး ခပေါင်းချောင်းကူးတံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ရထား)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဟောပြော

ရန်ကုန် ဇွန် ၁၉

ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့အခမ်းအနားကို ဇွန် ၁၄ရက် နံနက် ၁၀နာရီက ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုရဲမှူးဝင်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်တင်တင်စိန်က ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကို ဟောပြောသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဌေးက ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကိုဟောပြောပေးသည့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်တင်တင်စိန်အား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်သည်။ **(ဝဲပုံ)**

(မြို့နယ်မိခင်နှင့်ကလေး)

စူဠာမဏိဆံတော်ရှင်စေတီတော် ပန္နက်တော်တင်မည်

ရန်ကုန် ဇွန် ၁၉

ပဲခူးမြို့ နန်းတော်ရာရပ်ရှိ ဓမ္မစေတီမင်းကြီးနှင့် ဘုရင့်နောင်မင်းတရားကြီးတို့၏ ကောင်းမှုတော်ဖြစ်သော မော်ဓောငယ် (ခ) စူဠာမဏိဆံတော်ရှင် (ခ) ရွှေအောင်ရွှေးစေတီတော်မြတ်ကြီးကို ပြန်လည်မွမ်းမံတည်ရာ၌ ပန္နက်တော်တင် အခမ်းအနားကို အထက်ပါနေရာ၌ ၁၃၆၇ခုနှစ်၊ နယုန်လပြည့်နေ့ နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ပါရမီရှင်များ ကုသိုလ်တော်ပွားများနိုင်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

အချိုမှုန့်

Monosodium Glutamate (MSG)

စားသုံးခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

၁။ ယခင်က သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊အသား၊ငါးတို့ကို သဘာဝအတိုင်း ချက်ပြုတ်စားသောက်ကြပါသည်။ ယခုအခါတွင် သဘာဝမဟုတ်သည့် အချိုမှုန့်ကို အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် သုံးစွဲလာကြပါသည်။

၂။ အချိုမှုန့်တွင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသောဓာတ်များ ပါရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အချိုမှုန့်ကို စားသုံးခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်–

- **ပန်းနာရင်ကျပ်ရောဂါ**
- **အရေပြားယားယံခြင်း၊ အပိမ့်ထွက်ခြင်း**
- **နှလုံးရောဂါနှင့်တူသော ရင်ဘတ်အောင့်ရောဂါ**
- **သွေးတိုးရောဂါ**
- **နှလုံးရောဂါ**
- **နှလုံးခုန်စေခြင်း**
- **စိတ်ကယောင်ချောက်ချားဖြစ်ခြင်း**
- **ကျောက်ကပ်အားနည်းသူ၊ ကျောက်ကပ်ရောဂါရှိသူများတွင် ကိုယ်ဖောရောင်ခြင်း**

၃။ သို့ပါ၍ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး စသည်တို့ကို သဘာဝအတိုင်း ချက်ပြုတ် ပြင်ဆင်စားသောက်ကြပါရန်နှင့် အချိုမှုန့်ကိုထည့်သွင်းစားသောက်ခြင်း မပြုကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြင်းပျံရောင်းဝယ်ရေးသမဝါယမ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၉

ပန်းဘဲတန်းမြို့နယ် မြင်းပျံရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့ နံနက်က ကုန်ဈေးတန်းလမ်းရှိ အသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်စန်း၊ ခေတ္တအတွင်းရေးမှူး ဦးအောင်စိုးနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၀၄-၂၀၀၅ ခုနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်း ဖတ်ကြားအတည်ပြုခြင်း၊ အသင်းသားများထံမှ ဆွေးနွေးအကြံပေးချက်များ ပြန်လည်ရှင်းလင်းတင်ပြခြင်းနှင့် ဒါရိုက်တာအမှုဆောင်ဟောင်းများ နုတ်ထွက်ကြောင်း ကြေညာခြင်းများပြုလုပ်ကြသည်။

ဆက်လက်၍ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိက အမှာစကားပြောကြားပြီး ၂၀၀၅-၂၀၀၆မှ ၂၀၀၈-၂၀၀၉ ထိ တာဝန်ယူမည့် အမှုဆောင်ဒါရိုက်တာ အသစ်များ ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးတင်ရွှေ၊ အတွင်းရေးမှူး ဒေါ်သန်းသန်းမြင့်တို့ ပါဝင်သော အမှုဆောင်သစ်များနှင့် အသင်းသားစာရင်းစစ်များကို တက်ရောက်လာကြသူ အသင်းသားများက ရွေးချယ် ပြီး ကတိသစ္စာ ခံယူကြသည်။

ထို့နောက် ဒါရိုက်တာအမှုဆောင်သစ် ဥက္ကဋ္ဌဦးတင်ရွှေက ကျေးဇူးတင်စကားပြောကြားသည်။ **(အပေါ်ပုံ)**

(၁၉)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် – Memory (I)** (ပထမနှစ်-စိတ်ပညာ)
၅:၄၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွာနဲ့ကြမ္မာ" (အပိုင်း-၃၄)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ မေးမြန်းစူးစမ်း
	၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း-၂၀)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

တရုတ်နှင့်ရုရှား နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း မြှင့်တင်မည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အပြန်အလှန်အထောက်အကူပြု

ဟာဘင် ဇွန် ၁၈

ရုရှားနှင့်တရုတ်နိုင်ငံတို့ စီးပွားရေးနှင့် ကုန်သွယ်ရေး အပြန်အလှန်ဆက်ဆံမှု မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ရာတွင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ရန်လိုအပ်ကြောင်း တရုတ် ဒုတိယဝန်ကြီးချုပ် ဝူယီက ကြာသပတေးနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ကီလိုမီတာ ၄၃၀၀ အရှည်ရှိ နယ်စပ်ဒေသကို မျှဝေပိုင်ဆိုင်ကြကြောင်း၊ တရုတ်နိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသများ၊ ရုရှားနိုင်ငံ၏ အရှေ့ဖျားဒေသနှင့် ဆိုက်ဘေးရီးယားဒေသတို့သည် ပထဝီဝင်နယ်နိမိတ် အပိုင်းအခြားအရ အားသာချက်များရှိနေပြီး စက်မှုလုပ်ငန်းများ၏ အခြေခံအဆောက်အအုံ ပေါ်ထွန်းလာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်မားတိုးတက်လာစေရေးအတွက် အပြန်အလှန်အထောက်အကူပြုနိုင်ကြောင်း ဝူယီက ပြောကြားသည်။

မိမိတို့ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ပြန်လည်ပြုလုပ်ချိန်မှစ၍ အပြန်အလှန် ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စီးပွားရေးဆက်ဆံမှု မြှင့်တင်ခြင်းတို့တွင် တိုးတက်အောင် ကြိုးပမ်းနိုင်ခဲ့ကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဟာဘင်ကုန်စည်ပြပွဲ၏ ဆွေးနွေးပွဲတစ်ရပ်အဖြစ် ကျင်းပသော အခမ်းအနားတွင် ဝူယီက ပြောကြားသည်။

တရုတ်နိုင်ငံသည် နိုင်ငံအရှေ့မြောက်ပိုင်းရှိ စက်မှုလက်မှုနယ်မြေဟောင်းကို ပြန်လည်ရှင်သန်တိုးတက်စေရန် အစီအစဉ်များ ရေးဆွဲဆောင်ရွက်နေကြောင်း၊ ရုရှားနိုင်ငံသည်လည်း အရှေ့ဖျားဒေသနှင့် ဆိုက်ဘေးရီးယားဒေသတို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မဟာဗျူဟာများ ရေးဆွဲချမှတ်ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံများ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး အခွင့်အလမ်းများကို ရယူကာ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ကဏ္ဍသစ်တစ်ရပ်အဖြစ် တိုးမြှင့်ရန် လုပ်ဆောင်သင့်ကြောင်း ဝူယီက ပြောကြားသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် အီလက်ထရွန်းနစ် ထုတ်ကုန်များ၊ အဆင့်မြင့်နည်းပညာသုံး ထုတ်ကုန်ပစ္စည်းများကို နယ်စပ်ကုန်သွယ်ရေး၏ အရေးပါသော ထုတ်ကုန်များအဖြစ် တိုးမြှင့်လျက်ရှိကြောင်း ဝူယီက ပြောကြားသည်။

မိမိတို့ နှစ်နိုင်ငံသည် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ စားသောက်ကုန်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းနှင့် အီလက်ထရွန်းနစ်ပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍတို့ တိုးတက်စေရန် လုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေး စွမ်းပကားအရပ်ရပ် မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိကြောင်း ဝူယီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဂျင်တီးနားတွင် ကိုကင်း ကီလို ၁၀၀ ဖမ်းမိ

ဗျူနိုအေရီး ဇွန် ၁၈

အာဂျင်တီးနား အမျိုးသားစစ်ရဲတပ်ဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် ကိုကင်း ကီလို ၁၀၀ ကို ကြာသပတေးနေ့တွင် သိမ်းဆည်းလိုက်သည်။ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်သူများဟု ယူဆရသူနှစ်ဦးကိုလည်း ဖမ်းဆီးလိုက်သည်။

ဗျူနိုအေရီးမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၂၀ ရှိ ဇာရာတီဒေသတွင် မော်တော်ကား တာယာများ တင်ဆောင်လာသည့် ကုန်တင်ကား တစ်စီးကို စစ်ဆေးရာမှ ကိုကင်းများကို ကြာသပတေးနေ့ နံနက်ပိုင်းတွင် သိမ်းဆည်းရလိုက်ခြင်းဖြစ်ကြောင်း စစ်ရဲတပ်ဖွဲ့မှ ပြောခွင့်ရသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်တရားသူကြီး မိုဆူးလ်တွင် ပစ်သတ်ခံရ

ဘဂ္ဂဒက် ဇွန် ၁၈

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသရှိ မိုဆူးမြို့တွင် အီရတ်တရားသူကြီးတစ်ဦး သေနတ်ဖြင့် ကြာသပတေးနေ့က ပစ်ခတ်ခံရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်တရားသူကြီးသည် မာမွတ် အယ်လ်ဟက်ဂျ်အလီဖြစ်ပြီး ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်း ကီလိုမီတာ ၄၀၀ ခန့်အကွာရှိ မိုလ်ဆူးမြို့သို့ လုပ်ငန်းဝင်ရန်အသွား လမ်းတွင် လက်နက်ကိုင်များက ပစ်သတ်သွားခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုအတွင်း ၎င်း၏ယာဉ်မောင်းလည်း သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အစ္စလာမ္မစ် စစ်သွေးကြွ အုပ်စုဖြစ်သည့် အန်ဆာအယ်လ်ဆွန်နာ အုပ်စုက တရားသူကြီးအား လုပ်ကြံသတ်ဖြတ်သူမှာ ၎င်းတို့ဖြစ်ကြောင်း အင်တာနက်မှ ကြေညာသွားသည်။

အဆိုပါအုပ်စုက ယင်းကဲ့သို့သော တိုက်ခိုက်မှုများ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့သည်။ သို့ရာတွင် အင်တာနက်မှ ကြေညာချက်သည် စစ်မှန်မှု ရှိ၊ မရှိ စစ်ဆေးမှုမလုပ်နိုင်ကြောင်းသိရသည်။

အီရတ်ပြောက်ကျားများက အီရတ်နိုင်ငံတွင် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် လုံခြုံရေး ကြိုးပမ်းမှုများ ကမောက်ကမဖြစ်စေရန် ကြိုးပမ်းသည့်အနေဖြင့် နိုင်ငံစုံတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် တရားသူကြီးများအား တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များအား ဆန့်ကျင်တိုက်ခိုက်လျက်ရှိသော ခုခံတိုက်ခိုက်ရေးသမားနှစ်ဦးကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကိုလံဘီယာသို့ ထည့်ဝင်ရန်ငွေကြေးများ ရပ်ဆိုင်းထားမှု ကုလပြုပြင်ပြောင်းလဲရေးကို အကျိုးမပြုဟု ကိုဖီအာနန်ပြောကြား

ကုလသမဂ္ဂ ဇွန် ၁၈

ကုလသမဂ္ဂသို့ ထည့်ဝင်ရန်ရှိသည့်ငွေကြေးများမပေးဘဲ ရပ်ဆိုင်းထားစေမည့် အမေရိကန် အောက်လွှတ်တော်၏ ခြိမ်းခြောက်မှုကြောင့် ကုလသမဂ္ဂက စက်တင်ဘာလတွင်ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲ၏ ရလဒ်အတွက် ထိခိုက်နိုင်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

ကုလသမဂ္ဂက ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုမရှိပါက ကုလသမဂ္ဂသို့ ထည့်ဝင်စရာရှိသည့် ကြွေးမြီ၏ ထက်ဝက်ခန့်ကို မပေးဘဲ ရပ်ဆိုင်းထားစေမည့် မူကြမ်းကို အမေရိကန်အောက်လွှတ်တော်အဖွဲ့က ထောက်ခံမဲပေးပြီးသည့်နောက် ကိုဖီအာနန်က အထက်ပါအတိုင်း သတိပေးပြောကြားခြင်းဖြစ်သည်။

အကျိုးပျက်

ကုလသမဂ္ဂအနေဖြင့် ပြုပြင်ရေးလုပ်ငန်း အောင်မြင်စွာပြောင်းလဲစေရန်အတွက် ထည့်ဝင်စရာရှိသည့် ငွေကြေးများမပေးဘဲ ရပ်ဆိုင်းထားမှုသည် အကျိုးဖြစ်ထွန်းမှု ရှိသည့်လမ်းစဉ်ဟု မိမိမထင်မြင်မိကြောင်း၊ ယင်းသို့ ပြုလုပ်မှုကြောင့် စက်တင်ဘာလတွင် ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲ၏ ရလဒ်အကျိုးပျက်စေမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဆွေးနွေး

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးများ ဖော်ဆောင်ရန် အလေးအနက် တာဝန်ယူထားကြောင်း၊ အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်မှု အများအပြား ပြုလုပ်ရန် ကိုဖီအာနန် လုပ်ဆောင်နေကြောင်း၊ ကုလသမဂ္ဂပြုပြင်ရေးအတွက် ကျယ်ပြန့်သည့် လုပ်ငန်း အစီအစဉ်ချမှတ် လုပ်ဆောင်နေပြီး ပြန်လည်ပြင်ဆင်ရေးကိစ္စကိုလည်း စက်တင်ဘာ ထိပ်သီးဆွေးနွေးပွဲမတိုင်မီ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် တက်ကြွစွာ ဆွေးနွေးလျက်ရှိကြောင်း ယင်းကြေညာချက်တွင်ပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင် ရရှိခဲ့သည့် ဒဏ်ရာဖြင့် ကန်တပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက် ဇွန် ၁၉

အီရတ်နိုင်ငံ အနောက်ပိုင်း ရာမာဒီမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားများ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာမှရရှိခဲ့သည့် ဒဏ်ရာများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ကြောင်းဖြင့်အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်သည် လက်နက်ငယ်များဖြင့် ဗုဒ္ဓဟူးနေ့က ပစ်ခတ်ခံရကာ ဒဏ်ရာရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ရာမာဒီမြို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်ကို ပစ်မှတ်ထားကာ လမ်းဘေးဗုံးဖောက်ခွဲမှုကြောင့် ကြာသပတေးနေ့ စောစောပိုင်းကလည်း မရိန်းတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ရသေးသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် ကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၇၀၀ ကျော် ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာကြီး ပူနွေးမှုကြောင့် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှု ပြင်းထန်လာမည်

လော့စ်အိန်ဂျလိစ် ဇွန် ၁၈

လူတို့၏ ပြုမူဆောင်ရွက်မှုကြောင့် ရာသီဥတုပြောင်းလဲ၍ ဟာရီကိန်းမုန်တိုင်းနှင့် မိုးများပိုမိုရွာသွန်းလာမည်ဟု ကြာသပတေးနေ့တွင် ထုတ်ပြန်သော လေ့လာတွေ့ရှိချက်အသစ်တွင် ဖော်ပြထားသည်။

ပင်လယ်ပြင်အပူမြင့်မားလာပြီး လေထုအတွင်း စိုစွတ်ထိုင်းမှိုင်းမှု ပိုမိုမြင့်မားလာသည့်အတွက်ကြောင့် ဟာရီကိန်းမုန်တိုင်း မကြာခဏဖြစ်ပွားလာရခြင်းဖြစ်သည်ဟု အမေရိကန်အမျိုးသား ဇဟိုမိုးလေဝသ သုတေသနဌာန ကျွမ်းကျင်သူကဲဗင်ထရန်ဘက်က ပြောကြားသည်။

ထင်ရှားစွာဖြစ်ပေါ်

ဟာရီကိန်း ကျရောက်ရာဒေသများတွင် လူတို့၏ပယောဂကြောင့် ပတ်ဝန်းကျင်ဆိုင်ရာပြောင်းလဲမှုများ ယခုအခါ ထင်ရှားစွာဖြစ်ပေါ်ပြီဖြစ်ကြောင်း ဇွန် ၁၇ ရက်ထုတ် သိပ္ပံစာစောင်တွင် ထရန်ဘက်က ရေးသားဖော်ပြသည်။

အဆိုပါ စာစောင်ထုတ်ပြီးနောက်ပိုင်းတွင် ယမန်နှစ်က အပူပိုင်းဆိုင်ရာသက်ရောက်မှုများ ပေါ်ပေါက်ခဲ့သည်။ ဖလော်ရီဒါတွင် မြေပြိုမှုများဖြစ်ပွားခြင်းနှင့် ဂျပန်တွင် တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်ခဲ့သည်။

များပြား

ရာသီဥတုပြောင်းလဲမှုနှင့် ဟာရီကိန်းမုန်တိုင်း ပြင်းအားအနည်းအများသည် အကြီးမားဆုံးသောဆက်စပ်မှုဖြစ်သည်ဟု ထရန်ဘက်က ရေးသားဖော်ပြခဲ့သည်။ ပင်လယ်သမုဒ္ဒရာအပူချိန်သည် ကြာရှည်စွာမြင့်တက်ပြီး ရေငွေ့ပျံမှုလည်း များပြားလာသည်။ ထိုဖြစ်စဉ်နှစ်ရပ်စလုံးသည် မျှော်မှန်းခဲ့သည့်အတိုင်း ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ရေငွေ့ပျံမှုများပြားလာခြင်းကြောင့် ဟာရီကိန်းတိုက်ခတ်ချိန်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မြေပြိုပြီးရေလွှမ်းမိုးမှုနှုန်းလည်း များပြားလာမည်ဖြစ်သည်ဟု ရေးသားဖော်ပြသည်။***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း သင်္ဘောများ တိုးမြှင့်တည်ဆောက်ရန်မျှော်မှန်း

ပေကျင်း ဇွန် ၁၈

တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် တန်ချိန် စုစုပေါင်း ၁၀ သန်းကျော် တည်ဆောက်ရန် ရည်မှန်းနိုင်သည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်ဟု တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေး လုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ကမ္ဘာ့သင်္ဘော တည်ဆောက်ရေး လုပ်ငန်းဈေးကွက်တွင် တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းသည် ၁၈ ရာခိုင်နှုန်း အချိုးအစားပါဝင်လာပြီး ၂၀၀၄ ခုနှစ်ကထက် ၄ ရာခိုင်နှုန်း ပိုမိုများပြားလာသည်ဟု အမျိုးသားကာကွယ်ရေးဆိုင်ရာ သိပ္ပံ၊ နည်းပညာနှင့် စက်မှုလုပ်ငန်းကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဇောင်ကွမ်ချင်က ပြောကြားသည်။

တတိယနေရာ

ကမ္ဘာတွင် တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးသည် လွန်ခဲ့သော နှစ်အတန်ကြာ ကာလကတည်းက တတိယနေရာတွင် ရောက်ရှိနေခဲ့ပြီး ထိုလုပ်ငန်းမှ နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်းသည် ၂၆ ရာခိုင်နှုန်းရှိကြောင်း သတင်းစာ ရှင်းလင်းပွဲကျင်းပစဉ် ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြာခဲ့သည်။

တည်ဆောက်နိုင်

နိုင်ငံတကာအဆင့်မီ သင်္ဘောပုံစံနှင့် မည်သည့်အတန်းအစားမဆို တရုတ်နိုင်ငံသည် တည်ဆောက်နိုင်သော အနေအထားတွင်ရှိကြောင်း၊ သို့ရာတွင် အမျိုးအစားအနည်းငယ်သော သင်္ဘောများမှလွဲ၍ ကျန်သင်္ဘောများအားလုံးကို တည်ဆောက်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ရေနံတန်ချိန် ၃၀၀၀၀၀ တင်ဆောင်နိုင်သော ရေနံတင်သင်္ဘောကို တရုတ်နိုင်ငံ၌ တည်ဆောက်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာတွင် သင်္ဘောတည်ဆောက်မှုလုပ်ငန်းများတွင် တောင်ကိုရီးယားနိုင်ငံနှင့်ဂျပန်နိုင်ငံပြီးနောက် တတိယနေရာတွင်ရှိသော ဂျာမနီနိုင်ငံနေရာသို့ တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးသည် ၁၉၉၅ ခုနှစ် ကတည်းက ရောက်ရှိလာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ ဗဟိုဈေးကို ဇွန် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဦးနှောက်ယိုစီးမှုပြဿနာထိန်းချုပ်နိုင်စေရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို သီရိလင်္ကာတိုက်တွန်း

ကိုလံဘို ဇွန် ၁၈

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေးကဏ္ဍတွင် ထိခိုက်လျက်ရှိသည့် ပြည်ပသို့ပညာရှင်များ သွားရောက် အလုပ်လုပ်ကိုင်နေမှု (ဦးနှောက်ယိုစီးမှု) မြင့်တက်လာနေသော ပြဿနာကို ရပ်တန့်ရေးအတွက် ထူးခြားသောအစီအစဉ်များကို အကြံပေးသင့်ကြောင်း သီရိလင်္ကာအစိုးရက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)ကို တိုက်တွန်း နှိုးဆော်လိုက်သည်။

သီရိလင်္ကာကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထုံးချွန်ပြီး အရည်အသွေးပြည့်ဝသည့် ဆရာဝန်များနှင့် သူနာပြုများသည် ဖွံ့ဖြိုးပြီးနိုင်ငံများဆီသို့ ပြောင်းရွှေ့ လုပ်ကိုင်နေကြသည်ဟု ကျန်းမာရေးစောင့်ရှောက်မှုနှင့်အာဟာရဝန်ကြီး နီမယ်ဆီရိပလာဒီဆီဗာက ရှင်းလင်းပြောကြားသည်။ ယင်းကိစ္စသည် လေးနက်ပြီး စိုးရိမ်စရာကောင်းသည့် ကိစ္စဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကျန်းမာရေးဝန်ထမ်းများ ပြည်ပသို့ ရွှေ့ပြောင်း လုပ်ကိုင်နေမှုများအား ထိန်းချုပ်နိုင်ရေးအတွက် လက်တွေ့ဆန်သည့် စီစဉ်မှုအချို့ဖော်ဆောင်ပေးရန်နှင့် ၎င်းတို့ဆုံးရှုံးမှုအတွက် ၎င်းပညာရှင်များ လက်ခံရရှိသော နိုင်ငံများက လျော်ကြေးပေးရေးအတွက် တိုက်တွန်းဖျောင်းဖျရန် ဝန်ကြီးက ထပ်လောင်းပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဒဗလျူအိပ်ချ်အိုက နှစ်ဦးနှစ်ဖက် ရင်ကြားစေ့စေပြီး ပဋိညာဉ်စာချုပ်ချုပ်ဆိုရန် စေ့စပ်ညှိနှိုင်းပေးသင့်ကြောင်း ၎င်းက ပြောကြားသည်။ အစိုးရဌာနက ဆေးဘက်ဆိုင်ရာ အရာရှိ ၆၀ နီးပါးသည် အင်္ဂလန်နှင့် ဩစတြေးလျဒေသများသို့ သွားရောက်ပညာသင်ကြပြီး ဌာနေတိုင်းပြည်သို့ ပြန်မလာခဲ့ကြဟု ဖော်ပြပါ ဝန်ကြီးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားသို့ လာရောက်သည့် ခရီးသည်များအတွက် ပြည်ဝင်ခွင့်ဗီဇာ ချက်ချင်းထုတ်ပေးရန် စီစဉ်

ဂျကာတာ ဇွန် ၁၈

အင်ဒိုနီးရှားနိုင်ငံသို့ ပြည်ပခရီးသည်များ ပိုမိုလာရောက်စေရန် ရည်ရွယ်၍ ၁၃ နိုင်ငံတို့မှ ဧည့်များလာရောက်လျှင် ပြည်ဝင်ခွင့်ဗီဇာ ချက်ချင်းထုတ်ပေးရန်အတွက် အင်ဒိုနီးရှားအစိုးရက စီစဉ်လျက်ရှိကြောင်း အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။

အဆိုပါနိုင်ငံအတွင်းသို့ရောက်လျှင် ရောက်ချင်း ပြည်ဝင်ခွင့်ဗီဇာ ချက်ချင်းထုတ်ပေးသော ၁၃ နိုင်ငံစာရင်းတွင် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့ ပါဝင်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဂျီယိုဝါဆစ်ခ်က ပြောကြားသည်။

ပြည်ဝင်ခွင့်ဗီဇာ ချက်ချင်းရရှိနိုင်သော နိုင်ငံများမှာ တရုတ်၊ ဆော်ဒီအာရေဗျ၊ အိန္ဒိယ၊ ကူဝိတ်၊ ဘယ်လ်ဂျီယံ၊ စပိန်၊ ရုရှား၊အီဂျစ်၊ဩစတြေးလျ၊ အီရန်၊ ကာတာ၊ ဂရိနှင့် လူဇင်ဘတ်နိုင်ငံတို့ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

နယ်သာလန်နှင့် ဆွီဒင်နိုင်ငံတို့ကိုလည်း ထိုပြည်ဝင်ခွင့်ဗီဇာ ချက်ချင်းရရှိသောနိုင်ငံအဖြစ် ဆက်လက်သတ်မှတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း ၎င်းကထပ်မံပြောကြားသည်။

ပြည်ဝင်ခွင့်ဗီဇာဖြင့် လာရောက်သူများကိုယခင်ကသုံးရက်သာနေထိုင်ခွင့်ပြုခဲ့ရာမှယခုအခါခြောက်ရက်အထိ တိုးမြှင့်ခွင့်ပြုထားကြောင်း၊ သို့သော် ထိုဗီဇာဖြင့် စုစုပေါင်း နေထိုင်ခွင့်ကို ရက်ပေါင်း ၃၀ နေထိုင်ခွင့် ပေးထားကြောင်းသိရသည်။

မျှော်လင့်

တရုတ်နိုင်ငံမှ ခရီးသည်များ ပိုမိုလာရောက်ရန် အစိုးရက မျှော်မှန်းထားသည်ဟုဝန်ကြီးက အခိုင်အမာ ပြောဆိုခဲ့သည်။ ပြည်ဝင်ခွင့်ဗီဇာ ချက်ချင်းထုတ်ပေးသည့်စနစ်ကို အသုံးပြုခြင်းကြောင့် တရုတ်နိုင်ငံမှ ခရီးသွားလာသူများ ပိုမိုလာရောက်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆိုသည်။

အနောက်နိုင်ငံမှ လာရောက်သူ ခရီးသွားများအတွက် အင်ဒိုနီးရှားနိုင်ငံနှင့်ပတ်သက်သော သတိပေးချက် ထုတ်ထားသည့် စာရင်းတွင်ပါဝင်သော်လည်း အဆိုပါ သတိပေးချက်သည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ထူးခြားစွာ ထိခိုက်မှုမရှိကြောင်း ၎င်းကသုံးသပ် ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် ယခုနှစ်တွင် ၎င်းတို့နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ခြောက်သန်းလာရောက်ရန် ရည်မှန်းထားရှိပြီး ကြိုးပမ်းလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်နှင့်မလေးရှား လွတ်လပ်စွာ ကုန်သွယ်ရေး ဆွေးနွေးမှု တိုးတက်မှုရှိကြောင်း ပါကစ္စတန်သမ္မတ ပြောကြား

ကွာလာလမ်ပူ ဇွန် ၁၈

ပါကစ္စတန်နှင့် မလေးရှားနိုင်ငံတို့သည်နှစ်နိုင်ငံလွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် (အက်ဖ်တီအေ) အတွက် ဆွေးနွေးရာတွင် တိုးတက်လျက်ရှိကြောင်း ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က တနင်္လာနေ့တွင် ပြောကြားသည်။

ရပ်နား

ပါကစ္စတန်သမ္မတမူရှာရက်ဖ်သည် ဩစတြေးလျသို့ သွားရောက်သောခရီးစဉ်၌ မလေးရှားနိုင်ငံတွင် ခေတ္တခရီးရပ်နားစဉ် အက်ဖ်တီအေ သဘောတူညီချက် တိုးတက်မှုအတွက် နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးရန် ရည်ရွယ်ကြောင်း ၎င်း၏ ပြောကြားချက်ကို ကိုးကား၍ ဘားနားမားသတင်းစာက ရေးသားဖော်ပြခဲ့သည်။

ကြိုးစား

အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ပြဿနာများတွင် ၎င်းတို့ သဘောထားအမြင်ချင်း တူညီမှုရှိကြောင်း၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင် နှစ်နိုင်ငံ ပိုမိုခိုင်မြဲတိုးတက်အောင် ကြိုးစားလျက်ရှိကြောင်း ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မူရှာရက်ဖ်က သတင်းထောက်များအား ပြောကြားသည်။

ပါကစ္စတန်အလုပ်သမား ၃၅၀၀ခန့်သည် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ရန်ဆောင်ရွက်နေကြသည်။ ပါကစ္စတန်အလုပ်သမား ၁၀၀၀၀၀ ကို မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ထားကြောင်း မူရှာရက်ဖ်က ပြောကြားသည်။ ထိုကိစ္စနှင့်သက်ဆိုင်သောလုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

စိတ်အားထက်သန်

အလုပ်သမားများကို အံဝင်ခွင်ကျ မှန်မှန်ကန်ကန် ရွေးချယ်ခေါ်ယူမည်ဟု ဆိုသည်။ ပါကစ္စတန်နိုင်ငံမှ အလုပ်သမားများကို မလေးရှားအစိုးရက လိုအပ်လျက်ရှိပြီး ၎င်းတို့ကလည်း မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် စိတ်အားထက်သန်လျက်ရှိကြောင်း၊ ထိုဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ယမန်နှစ်က လွတ်ငြိမ်းချမ်းသာခွင့်ကြေညာပြီး တရားမဝင် အလုပ်သမားများကို မလေးရှားနိုင်ငံမှ ထွက်ခွာခွင့်ပေးခဲ့သည်။ ထိုအစီအစဉ်ကြောင့် ယခုအခါ မလေးရှားနိုင်ငံတွင် အလုပ်သမားပြတ်လပ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်အရ စုစုပေါင်း ပြည်ပအလုပ်သမား ၄၀၀၀၀၀ သည် ၎င်းတို့၏ တိုင်းပြည်များသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဂျပန်နိုင်ငံ ဟွန်ဒါကုမ္ပဏီက ထုတ်လုပ်သော လူသားပုံစက်ရုပ်များကို ဇွန် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်ပသို့ အလုပ်သမား များ ဗီယက်နမ် ပိုမိုစေလွှတ်မည်

ဟနွိုင်း ဇွန် ၁၈

ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ သွားရောက် အလုပ် လုပ်ကိုင်မည့် အလုပ်သမား ၇၀၀၀၀ ကို ယခုနှစ်တွင် စေလွှတ်ရန် မျှော်မှန်းထားကြောင်း၊ ယမန်နှစ်က စေလွှတ်ခဲ့သည့် အလုပ်သမား ၆၇၄၄၇ ဦးထက် ကျော်လွန်ကြောင်း ဗီယက်နမ်အလုပ်သမား၊ မသန်မစွမ်းနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနတစ်ခုက တနင်္လာ နေ့တွင် ပြောကြားခဲ့သည်။

တရုတ်ထိုင်ပေ၊ တောင်ကိုရီးယားနှင့် ဂျပန် ပြီးနောက် မလေးရှားသည် ဗီယက်နမ်နိုင်ငံ၏အလုပ်သမား တင်ပို့မှု ဈေးကွက်တွင် အကြီးမားဆုံးနိုင်ငံဖြစ်လာမည် ဖြစ်ကြောင်း ပြည်ပအလုပ်သမား အုပ်ချုပ်ရေးဌာနက ပြောဆိုခဲ့သည်။

ဗီယက်နမ် အလုပ်သမားအများစုသည် အစောင့်၊ အိမ်ဖော်အလုပ်သမားနှင့် အထွေထွေအလုပ်သမားများအဖြစ် လုပ် ဆောင်ရမည်ဖြစ်သည်။

အလုပ်သမားတင်ပို့မှု မြှင့်တင်ရန်အတွက် ဗီယက်နမ်နိုင်ငံသည် လုပ်ငန်းအရည်အချင်းတိုးတက်ခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် အလုပ်သမားတင်ပို့မှု မြှင့်တင်ခြင်းတွင် ကြုံတွေ့နေရသည်ဟု အဆိုပါ ဌာနက ပြောကြားသည်။

ယခုနှစ် ပထမ ငါးလပတ်တွင် ဗီယက်နမ်နိုင်ငံသည် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်ရန် လူ ၂၅၆၀၀ ကို စေလွှတ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

၂၀၀၅ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

သူ့ကျွန်မခံ မြန်မာအမျိုးသမီးများ၏ အားမာန်

နှင်းဝတ်ရည်ဦး
(မွန်ပြည်နယ်)

မြန်မာအမျိုးသမီးတို့၏ နယ်ချဲ့ဆန့်ကျင်ရေး အတ္တုပ္ပတ်သည် လုပ်ဇာတ်မဟုတ်သဖြင့် လေ့လာမှတ်သားမိသမျှ တင်ပြချင်ပါသည်။

စင်စစ်မြန်မာအမျိုးသမီးများ၏ ဇာတိမာန်စိတ်သည် အတိတ်ပုံရိပ်တို့ဖြင့် ရွှန်းဖိတ်လင်းလက်သည်နှင့်အမျှ အနာဂတ်ခရီးကို ယုံကြည်ချက်များ ပိုမိုခိုင်မာစေခဲ့ပါသည်။

ဗြိတိသျှနယ်ချဲ့၏ ၁၈၂၄ ခုနှစ် ပထမကျူးကျော်စစ်ပွဲတွင် စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးပြီးနောက် အောင်ပွဲခံစပြုနေသော ဗြိတိသျှနယ်ချဲ့တပ်တို့သည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများကို သိမ်းယူနိုင်ရန် ရေကြောင်း၊ ကြည်းကြောင်းဖြင့် ချီတက်လာကြရာ မြန်မာ့မြေကို တစ်လက်မမျှ မပေးလိုကြသော ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားတို့သည် ရှိသမျှအင်အားဖြင့် တားဆီးခုခံတိုက်ခိုက်ခဲ့ကြသည်။ မြန်မာစစ်ဗိုလ်ချုပ် မဟာနေမျိုးနှင့် မောက်မယ်စော်ဘွား အပါအဝင် ရှမ်းစော်ဘွား၊ မြို့စားများ၏ စစ်သည်များသည် ပြည်မြို့နှင့် ၁၆ မိုင်အကွာ ဝက်ထီးကန်အရပ်၌ ဗြိတိသျှနယ်ချဲ့တပ်အားအပြင်းအထန် ခုခံတိုက်ခိုက်ခဲ့ကြသည်။

ယင်းဝက်ထီးကန်တိုက်ပွဲ၌ ရှမ်းတိုင်းရင်းသား စစ်သည်များထဲတွင် ရှမ်းတိုင်းရင်းသူ သုံးဦးကိုယ်တိုင် ပါဝင်တိုက်ခိုက်ခဲ့ခြင်းမှာ မြန်မာတိုင်းရင်းသူ အမျိုးသမီးများ၏ ထူးခြားလေးနက်မှုဖြစ်ပြီး ဗြိတိသျှနယ်ချဲ့တပ်မှ ကာနယ်မက်ဒူးဝေါလ်အပါအဝင် ဗြိတိသျှနယ်ချဲ့စစ်သားအများအပြား ကျဆုံးရသော ဝက်ထီးကန်တိုက်ပွဲအကြောင်းကို မေဂျာစနော့ဂရပ်က မှတ်တမ်းတင်ခဲ့သည်မှာ “မြန်မာစစ်သားများကို အုပ်ချုပ်ကွပ်ကဲလာသူတို့တွင်စော်ဘွားများ၊ မင်းညီမင်းသားများ၊ မြို့စားများသာမက ပျိုမျစ်နုနယ်လှပသော ရှမ်းအမျိုးသမီးသုံးဦး ပါဝင်ကြောင်း၊ ယင်းအမျိုးသမီး သူရဲကောင်းသုံးဦးသည် စစ်ဝတ်တန်ဆာများကို ဝတ်ဆင်လျက် ရဲရင့်စွာဖြင့် စစ်သည်များအား အားပေးစကားလိုက်လံ ပြောကြားကြောင်း၊ ထိုသို့ လိုက်လံအားပေးစကားပြောကြားစဉ် အမျိုးသမီးတစ်ဦးသည် ရင်ညွန့်၌ ဒဏ်ရာရရှိပြီး လဲကျသွားခဲ့ရာ မြန်မာစစ်သားများက အမျိုးသမီးအားသယ်ယူ၍ နောက်တန်းရှိတဲတစ်လုံးသို့ ပို့ဆောင်ခဲ့သော်လည်း မကြာမီ အသက်ပျောက်သွားခဲ့ကြောင်း၊ အခြားအမျိုးသမီးတစ်ဦးသည်လည်း မြန်မာစစ်သားများကြား ပြေးလွှားအားပေးနေစဉ် ခေါင်းတွင်ကျည်ဆန်ထိ၍ မြင်းပေါ်မှရေထဲသို့ကျသွားကြောင်း” ဟူ၍ ရှမ်းတိုင်းရင်းသူ အမျိုးသမီးသုံးဦး၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို မှတ်တမ်းတင်ခဲ့သည်။

အလားတူပင် ဗြိတိသျှနယ်ချဲ့တို့က တတိယကျူးကျော်စစ်ဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအား သိမ်းယူပြီးနောက် သူ့ကျွန်မခံလိုသော တိုင်းရင်းသားတို့၏ နယ်ချဲ့တော်လှန်ရေးစစ်ပွဲတွင် ထင်ရှားခဲ့သည့် နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ပုဂံဗိုလ်ချို၏ တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အမျိုးသမီးများသည် မြင်းစီးပြီး ဓားလွတ်ကိုင်၍ တိုက်ပွဲဝင်ခဲ့ကြသည်။ ယင်းတို့အနက် ဗိုလ်ချို၏ဇနီးသည် မြင်းစီး၊ ဓားခုတ်၊ လှံထိုးကျွမ်းကျင်စွာဖြင့်ခင်ပွန်းဖြစ်သူ ဗိုလ်ချိုနှင့်အတူ ဗြိတိသျှနယ်ချဲ့တပ်အား တိုက်ခိုက်ခဲ့သည်၊ အလားတူပင် နယ်ချဲ့တော်လှန်ရေး ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်မင်းရောင်၏တပ်တွင်လည်း ပင်းခင်ခင် ဟူသော အမျိုးသမီးသည် ထင်ရှားသည်။ ဤသည်တို့မှာ သူ့ကျွန်မခံလိုသော မြန်မာတိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှ မြန်မာအမျိုးသမီးတို့၏ သူ့ကျွန်မခံသော ဇာတိမာန်၊ မျိုးချစ်စိတ် ပုံရိပ်များပင်ဖြစ်သည်။

ယင်းနောက် ဗြိတိသျှနယ်ချဲ့အား မြန်မာတိုင်းရင်းသားတို့က နိုင်ငံရေး၊ စည်းရုံးရေးအရ ဆန့်ကျင်သောတိုက်ပွဲများကို နိုင်ငံအနှံ့ ဆင်နွှဲလာခဲ့ကြသည်။ ပထမဦးစွာ မြန်မာတိုင်းရင်းသားတို့သည် လူမှုရေးအသင်းအဖွဲ့များကို ဖွဲ့စည်းလှုပ်ရှားလာခဲ့ကြသည်။ ဤတွင် မြန်မာအမျိုးသမီးများသည်လည်း အသင်းအဖွဲ့များဖွဲ့စည်းခဲ့ရာ ၁၉၁၉ခုနှစ် နိုဝင်ဘာလ ၁၆ရက်နေ့တွင် **“မြန်မာအမျိုးသမီးကုမ္မာရီအသင်း”** ဟူ၍ မြန်မာအမျိုးသမီးအသင်းကို စတင်ဖွဲ့စည်းခဲ့သည်။ အသင်း၏ ရည်ရွယ်ချက်မှာ ကုသိုလ်ရေးနှင့်ချွေတာရေး၊ ဝံသာနုလုပ်ငန်းများကို ဆောင်ရွက်ရေးဖြစ်သည်။ တိုင်းရင်းဖြစ် အဝတ်အထည်များ၊ အသုံးအဆောင်များကိုသာ ဝယ်ယူဝတ်ဆင်သုံးဆောင်ကြရန် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

မြန်မာအမျိုးသမီးကုမ္မာရီအသင်းဖွဲ့စည်းပေါ်ပေါက်လာပြီး နောက်ပိုင်းကာလများတွင် ဝံသာနုကုမ္မာရီအသင်း၊ ကြည့်မြင်တိုင် မြန်မာအမျိုးသမီးများအသင်း၊ ပုဇွန်တောင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၊ မြန်မာ့ဟိတအသင်း၊ မြန်မာအမျိုးသမီးများ နေရှင်နယ်ကောင်စီအသင်း စသည်ဖြင့် မြန်မာအမျိုးသမီးများသည် နိုင်ငံရေး၊ စည်းရုံးရေးအရ ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည်။

ဤသို့လျှင် နိုင်ငံနှင့်အဝန်း မြန်မာအမျိုးသမီး အဖွဲ့အစည်းများဖွဲ့စည်းလှုပ်ရှားလာသကဲ့သို့ ရန်ကုန်တက္ကသိုလ်အက်ဥပဒေ (၁၉၂၀)ကို ဆန့်ကျင်ကန့်ကွက်သောလှုပ်ရှားမှုများတွင်လည်း မြန်မာအမျိုးသမီးများပါဝင်ခဲ့ကြသည်။ ထို့အပြင် ဗြိတိသျှနယ်ချဲ့အရာရှိကိုပင် ခုံဖိနပ်ဖြင့် ရိုက်ခဲ့သော ဒေါ်ဖွားလုကဲ့သို့ မျိုးချစ်သတ္တိခဲ မြန်မာအမျိုးသမီးများလည်း ပေါ်ပေါက်လာခဲ့ကြသည်။

ထိုနည်းတူစွာ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် သခင်မကြီး ဒေါ်သိန်းတင်သည်လည်း ထင်ရှားခဲ့သော နယ်ချဲ့ဆန့်ကျင်ရေး မြန်မာအမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဗုဒ္ဓဘာသာ ကလျာဏယုဝကုမ္မာရီအသင်းဥက္ကဋ္ဌ ဒေါ်စောတင်သည်လည်း မြူနီစီပါယ်နှင့် လွှတ်တော်ရွေးကောက်ပွဲတွင် အရွေးခံခဲ့ရသည်။ မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးအပိုင်းတွင်လည်း မြန်မာအမျိုးသမီးများ ပါဝင်ခဲ့ကြရာ ဝဏ္ဏကျော်ထင် ဒေါ်မေမေခင်သည် ဟိုက်ကုတ်လွှတ်တော်၏ ပထမဦးဆုံးဝန်ထောက် ဖြစ်ခဲ့သည်။

ယင်းကာလတွင် မြန်မာနိုင်ငံအား ဗြိတိသျှနယ်ချဲ့ အစိုးရက ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်နိုင်ရေးအတွက် ပြင်ဆင်လျက်ရှိပြီး ယင်းအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းနိုင်ရန် မြန်မာနိုင်ငံသားများ၏ သဘောထားအကြံဉာဏ် ရယူရေးလုပ်ငန်းအဖြစ် ဝှိုက်ကော်မတီကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။

ဝှိုက်ကော်မတီသည် ၁၉၂၁-ခုနှစ် နိုဝင်ဘာလ ၁၂ရက်အထိ စုံစမ်းလေ့လာရေးလုပ်ငန်းများကို ရန်ကုန်မြို့တွင်ပြုလုပ်လျက်ရှိစဉ် ရန်ကုန်မြို့ပေါ်ရှိ ဝံသာနုကုမ္မာရီအသင်းဝင် အမျိုးသမီးများသည် ဝှိုက်ကော်မတီသို့ လာရောက်အစစ်ဆေးခံ အကြံဉာဏ်ပေးသော ဗြိတိသျှနယ်ချဲ့အလိုတော်ရိများအား **“သစ္စာမဖောက်ကြပါနဲ့”**၊ **“အမျိုးမဖျက်ကြပါနဲ့”** ဟူသော ကြွေးကြော်သံများဖြင့် ကန့်ကွက်ရှုတ်ချခဲ့ကြသည်။ ယင်းသို့ မြန်မာအမျိုးသမီးများက ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ခဲ့ကြသဖြင့် ဝှိုက်ကော်မတီသည်လည်း ယင်း၏ စစ်ဆေးရေးလုပ်ငန်းများကို ရပ်ဆိုင်းလိုက်ရသည်။ ဝှိုက်ကော်မတီသည် ရန်ကုန်မြို့မှတစ်ဆင့် မော်လမြိုင်၊ မန္တလေး၊ ပုသိမ် စသော မြို့ကြီးများသို့ သွားရောက်ပြီး စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်း ရောက်ရှိရာမြို့များရှိ ကုမ္မာရီအမျိုးသမီးများ၏ ကန့်ကွက်ရှုတ်ချမှုများနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ ယင်းသို့ မြန်မာအမျိုးသမီးများက မြန်မာပြည်သူတစ်ရပ်လုံး၏ တက်ကြွရဲရင့်သော နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ထင်ရှားစွာ ဖော်ထုတ်ပြသခြင်းကို ဗြိတိသျှနယ်ချဲ့ ကိုယ်စားလှယ်များကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်သိရှိသွားခဲ့သည်။

ယင်းနောက် ၁၉၂၁ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဆရာတော်ဦးဥတ္တမသည် ဒေးဒရဲမြို့နယ် ဆူးကလပ်ရွာ၌ ကရက်ဒေါက် အုပ်ချုပ်ရေးစီမံကိန်းကို ကန့်ကွက်ရှုတ်ချဟောပြောမှုဖြင့် ဗြိတိသျှနယ်ချဲ့က ဆရာတော်ဦးဥတ္တမအား ဖမ်းဆီးအကျဉ်းချခဲ့သည်။ ဤတွင် ရန်ကုန်မြို့ဘုရင်မပန်းခြံ(ယခုမဟာဗန္ဓုလပန်းခြံ)၌ လူထုအစည်းအဝေးကြီးကျင်းပပြီး ဆရာတော် ဦးဥတ္တမအား နယ်ချဲ့တို့ ဖမ်းဆီးခြင်းကို ကန့်ကွက်ရှုတ်ချခဲ့ကြသည်။ ယင်းဆန့်ကျင်ကန့်ကွက်ပွဲသို့ မြန်မာအမျိုးသမီးများက အင်တိုက်အားတိုက် ရဲရဲရင့်ရင့် တက်ရောက် ဆန္ဒထုတ်ဖော်ခဲ့ကြသဖြင့် နယ်ချဲ့ပုလိပ်များက လူစုကွဲရန် မြင်းများဖြင့်ဝင်တိုက်ခဲ့ကြသည်။ မြန်မာအမျိုးသမီးများသည် မြင်းနင်းခံကြရသဖြင့် ခြေကျိုးလက်ကျိုးဖြစ်ရသည်အထိ နယ်ချဲ့ဗြိတိသျှတို့ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည်။

အထူးသဖြင့် ၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် သရက်မြို့၌ ကျင်းပခဲ့သော အမျိုးသမီး ဝံသာနုကောင်စီအသင်းချုပ်ကြီး၏ အစည်းအဝေးက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်(၁၀)ချက်အနက် နိုင်ငံရေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်အချို့သည် နယ်ချဲ့ဆန့်ကျင်ရေးနှင့်အတူ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို ထင်ဟပ်လျက်ရှိသည်။

ပထမအချက်မှာ ဗြိတိသျှနယ်ချဲ့က ပြည်မနှင့်ရှမ်းပြည်နယ် ခွဲခြားအုပ်ချုပ်ခြင်းကို ကန့်ကွက်ကြောင်းအပြင်ရှမ်းပြည်နယ်ရှိ ရှမ်းတိုင်းရင်းသူညီအစ်မများနှင့် ပြည်မရှိ ဝံသာနုတိုင်းရင်းသူ ညီအစ်မများသည် နှစ်ပရိစ္ဆေဒများစွာကပင် ပေါင်းသင်း ဆက်ဆံလာခဲ့ကြသဖြင့် မြန်မာအမျိုးသမီးအားလုံး၏ဆန္ဒမပါဘဲ ဗြိတိသျှနယ်ချဲ့က ခွဲခြားသည်ကို အသိအမှတ်မပြုကြောင်းနှင့် ရှေးကထက် ပူးပေါင်းလက်တွဲမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ဒုတိယအချက်မှာ ဝံသာနုအမျိုးသမီးကောင်စီ အသင်းချုပ်ကြီးသည် ဗြိတိသျှနယ်ချဲ့ကပေးမည့် ဒိုင်အာခီအုပ်ချုပ်ရေးကို လက်မခံကြောင်း၊ ဒိုင်အာခီ အတိုင်ပင်ခံကောင်စီဝင် ရွေးပွဲဝင်မည့်သူများကိုလည်း အသင်းသူတို့က မဲမပေးဘဲ ဆန့်ကျင်ရန်ဆုံးဖြတ်ခဲ့သည်။

မြန်မာအမျိုးသမီးများသည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကို မြန်မာပြည်သူတစ်ရပ်လုံးနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ခြင်းဖြစ်ရာ ၁၃၀၀ ပြည့် အရေးတော်ပုံတွင်လည်းကောင်း၊ ဖက်ဆစ်တော်လှန်ရေးတွင်လည်းကောင်း၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှု တိုက်ပွဲများတွင်လည်းကောင်း ပြတ်သားရဲရင့်သောမြန်မာအမျိုးသမီးများ၏ ဇာတိမာန်သမိုင်းပုံရိပ်သည် ရွှန်းဖိတ်လင်းလက်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ယင်းသမိုင်းပုံရိပ်၏ လက်ဆင့်ကမ်းအမွေကို မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆက်ခံထိန်းသိမ်းပြီး မြန်မာအမျိုးသမီးများဘဝ မြှင့်တင်ရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်အတူ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်တည်ပေါ်ထွန်းရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် **“မြန်မာအမျိုးသမီးများနေ့”** သည် မြန်မာနိုင်ငံတစ်ဝန်းမှ မြန်မာအမျိုးသမီးအားလုံးက **“သူ့ကျွန်မခံ မြန်မာအမျိုးသမီးများ၏ ဇာတိမာန်”** အမွေကို နိုးကြားတက်ကြွစွာ လက်ဆင့်ကမ်းရယူခြင်းဖြစ်သည်နှင့်အညီ အမျိုးကို သစ္စာဖောက်ပြီး နယ်ချဲ့၏ အခြွေအရံနိုင်ငံ၊ သြဇာခံနိုင်ငံဘဝ ရောက်အောင် ထောင်ချောက်ဆင် ပရိယာယ်ဖြင့် မြှူဆွယ်သိမ်းသွင်းနေကြသည့် အမျိုးသားသစ္စာဖောက်များကိုလည်း မြန်မာအမျိုးသမီးထုကြီးက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ဆန့်ကျင်ရှုတ်ချလျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာအမျိုးသမီးများသည် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲကို မြန်မာပြည်သူ တစ်ရပ်လုံးနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ခြင်းဖြစ်ရာ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် လည်းကောင်း၊ ဖက်ဆစ်တော်လှန်ရေးတွင် လည်းကောင်း၊ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှု တိုက်ပွဲများတွင်လည်းကောင်း ပြတ်သားရဲရင့်သော မြန်မာအမျိုးသမီးများ၏ ဇာတိမာန် သမိုင်းပုံရိပ်သည် ရွှန်းဖိတ်လင်းလက်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးဂုဏ်ရည်

*　ပန်းပျိုးသောလက်၊ ပုခက်လွှဲ၍
စွဲမြဲမေတ္တာ၊ ကရုဏာနှင့်
သစ္စာတည်ကြည်၊ မြဲခိုင်ကျည်သည်
မြန်ပြည်အမျိုးသမီး ဂုဏ်ရည်တည်း။　။

*　မြန်မာ့လွတ်လပ်ရေး၊ ကြိုးပမ်းပေး၍
သွေးမော်ကွန်းတင်၊ သမိုင်းဝင်ခဲ့
နှိုင်းယှဉ်မရ၊ သတ္တိပြ၍
အာဂ အမျိုးသမီး ဂုဏ်ရည်တည်း။　။

*　ဇူလိုင် သုံးရက်၊ ပန္နက်စတည်
ထိုနေ့သည်ကား၊ မြန်ပြည်အတွက်
ဖွံ့ဖြိုးတက်၍၊ ဆက်လက်ကြိုးပမ်း
မောင်တစ်ထမ်းကို၊ တတ်စွမ်းသည့်ဘက်
မယ်ထမ်းရွက်၍
ဆက်လက်အောင်ပွဲခံမည်တည်း။　။

[၂၀၀၅ခုနှစ်၊ ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက် . . .။]

နောင်စစ်သည်

ငမိုးရိပ်၊ ဂျိုးဖြူ ရေပိုက်လိုင်းသစ် ဖွင့်ပွဲကျင်းပ

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်

ရန်ကုန်　ဇွန်　၁၉

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်တွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် ငမိုးရိပ်၊ ဂျိုးဖြူရေပိုက်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဘုရင့်နောင်လမ်းနှင့် တပင်ရွှေထီးလမ်းဆုံထိပ်မုခ်ဦး၌ မင်္ဂလာဖဲကြိုးကိုဖြတ်၍ ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး အောင်သန်းဝင်း၊ ဗိုလ်မှူးကြီးကျော်စိုး၊ ဗိုလ်မှူးကြီး ညီညီ၊ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်နှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြပြီး သဃ်န်းကျွန်း အထက(၁)မှ ဘင်ခရာ၊ ပန်းဖွားအကများဖြင့် ဖျော်ဖြေကြသည်။

မင်္ဂလာအချိန် ကျရောက်သည်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ ရေသွယ်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးအေးကိုတို့က မင်္ဂလာဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ ကြီးပွားရေးရပ်ကွက်အတွင်းရှိ နေအိမ်များသို့ အချင်းရှစ်လက်မရှိ ရေပိုက် ၁၃၁၃ ပေ၊ အချင်းခြောက်လက်မရှိ ရေပိုက် ၁၁၀၄၂ပေ၊ အချင်းလေးလက်မရှိရေပိုက် ၁၁၄၆၉ ပေ၊ အချင်းသုံးလက်မရှိ ရေပိုက် ၈၅၁၄ ပေ၊ အချင်းနှစ်လက်မရှိရေပိုက် ၉၃၀၅ ပေ စုစုပေါင်း ပိုက်အရှည် ၄၁၆၄၃ ပေဖြင့် ဆက်သွယ်ထားရှိမှု၊ ရေရရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်ပြည်သူများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အမက(၂၁)၌ ငမိုးရိပ်၊ ဂျိုးဖြူရေဖွင့်ပွဲ ကျေးဇူးတင်ဝမ်းမြောက်သည့် အထိမ်းအမှတ်အဖြစ်ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးခင်ဝေက မြို့နယ်အတွင်း သောက်သုံးရေရရှိစေရန်ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ကြီးပွားရေး ရပ်ကွက် ရေသွယ်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးအေးကိုက ရပ်ကွက်အတွင်း ငမိုးရိပ်၊ ဂျိုးဖြူရေပိုက်သွယ်ယူ တပ်ခဲ့ရမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရပ်မိ၊ ရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ဗိုလ်မှူးချုပ် အောင်သိန်းလင်းထံသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာ ၂၀၃၄ စောင် ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံက အသင်းဝင်အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်ပြီး ရေသွယ်ယူရေးကော်မတီသို့ မှတ်တမ်းတင်ဂုဏ်ပြုလွှာများပေးအပ်သည်။

(ကြေးမုံ)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် မကွေးမြို့၌ကျင်းပ

ရန်ကုန်　ဇွန်　၁၉

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တော်ကို ဇွန် ၁၈ရက်တွင် မကွေးတိုင်း မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာန မကွေးတိုင်း ညွှန်ကြားရေးမှူးနှင့် သစ်တောဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၄၀ ကျော် တို့သည် သရက်၊ တမာ၊ ယူကလစ်၊ မန်ကျည်း၊ စိန်တံချူ၊ ယင်းမာ စသည့် ပျိုးပင်ပေါင်း ၅၀၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။　(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန် ၁၇ရက်က သဃ်န်းကျွန်းမြို့နယ် အထက (သုဝဏ္ဏ)ကျောင်း ကျန်းမာရေးအဖွဲ့ကကြီးမှူး၍ အလှူရှင် ဗိုလ်မှူးထွန်းထွန်းဝင်း-ဒေါ်ဆွေဆွေမြ၊ သမီး မခိုင်မဥ္ဇူထွန်း(သူငယ်တန်း-ဂ) မိသားစုက မူလတန်းကျောင်းသား၊ ကျောင်းသူများအား အာဟာရတိုက်ကျွေးရာ ကျောင်းအုပ်ကြီးဦးထွန်းမင်း၊ ကျောင်းအကျိုးတော် ဆောင်အဖွဲ့ဥက္ကဋ္ဌဒေါ်ရီရီမြင့် နှင့် ဆရာ၊ ဆရာမများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပ

ရန်ကုန်　ဇွန်　၁၉

မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲကို ဇွန် ၁၇ရက်က ပုသိမ်ညွှန့်ရပ်ကွက် သဒ္ဓမ္မဇျုပဟာ ဓမ္မာရုံတွင် ပြုလုပ်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို အမှာစကားပြောကြားသည်။ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်နှင့် မြို့နယ်အမှုဆောင်များကအမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကို ကဏ္ဍအလိုက် ဟောပြောဆွေးနွေးပြီး ပုသိမ်ညွှန့်ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းသို့ မြို့နယ်ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က အမျိုးသမီးရေးရာအဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားများကို ပေးအပ်သည်။ **(အပေါ်ပုံ)**

အလားတူ ကူးတို့ဆိပ်ရပ်ကွက် မလွကုန်းရပ်ကွက်နှင့် စက်ဆန်းရပ်ကွက်တို့တွင်လည်း အမျိုးသမီးရေးရာ အဖွဲ့အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးကြသည်။　(၃၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်း
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	သံချည်သံကွေးအတတ်ပညာ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	ဆောင်းနံနက်ခင်းတစ်ခု၏ လျှို့ဝှက်သောနှင်း
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	လုပ်ငန်းခွင်မှာအားမာန်အပြည့် အပန်းဖြေချိန်မှာ ပျော်စရာလေ့
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ကာယဗလလေ့ကျင့်မှုအကျိုးနှင့် အခြေခံကာယဗလလေ့ကျင့်နည်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	Thank You Dolphin
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	အနုပညာကြယ်ပွင့်များနှင့်တွေ့ဆုံခြင်း (ဂရေဟာမ်နှင့်တွေ့ဆုံခြင်း)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	မနီတို့၏ ရွာနှင့်မြစ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

● ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကျိုင်းယင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမာစာရထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဝန်ကြီးများသည် ဆရာတော် သံဃာတော်များထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျိုင်းတုံမြို့ ဓမ္မောဒယကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဇေယျက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။

ကြိုဆို

ယင်းမှတစ်ဆင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဒေါ်နန်းယုန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သင်တန်းသူများ၏ လက်တွေ့သင်ကြားလေ့ကျင့်လျက်ရှိသည့် အဆင့်မြင့် စက်ချုပ်သင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်းတို့ကိုလည်းကောင်း၊ လက်တွေ့သင်ကြား ချုပ်လုပ်ထားသည့် အဝတ်အထည်များကို လည်းကောင်း ကြည့်ရှုအားပေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ယခုဖွင့်လှစ်လျက်ရှိသည့် အခြေခံအပ်ချုပ်သင်တန်း၌ နယ်စပ်ဒေသမှ တိုင်းရင်းသူ ၃၆ ဦး၊ အဆင့်မြင့် အပ်ချုပ်သင်တန်း၌ ၁၀ ဦး စုစုပေါင်း ၄၆ ဦး သင်ကြားလျက်ရှိသည်။

လေ့ကျင့်သင်ကြားပေး

ကျိုင်းတုံ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းကို ၁၉၉၂ ခုနှစ် ဇူလိုင်လမှ စတင်ဖွင့်လှစ်ခဲ့ပြီး ရှမ်း၊ ဗမာ၊ အာခါ၊ လားဟူ၊ လီရှော၊ "ဝ"၊ ကချင်၊ ကရင်၊ ရခိုင်၊ ချင်း၊ ပအိုဝ်း၊ မွန်၊ လွယ်နှင့် ဓနု တိုင်းရင်းသူ ၆၃ ဦးကို အဆင့်မြင့် အပ်ချုပ်သင်တန်း၌လည်းကောင်း၊ တိုင်းရင်းသူ ၁၄၇၂ ဦးကို အခြေခံအပ်ချုပ်သင်တန်း၌ လည်းကောင်း လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုး ရေးသင်တန်းကျောင်း(ကျိုင်းတုံ)သို့ ရောက်ရှိကြရာ ကျောင်းအုပ် ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းအတွင်းရှိ ဘုရားခန်း၊ စာပေသင်ကြားလေ့ကျင့်ခန်း၊ အိပ်ဆောင်၊ စားသောက်ဆောင်တို့ကို လှည့်လည်ကြည့်ရှုကြရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ကျောင်းအုပ်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ဂါရဝပြုကြိုဆို

ယင်းသို့ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ကျောင်းသား၊ ကျောင်းသူလေးများက "ပြည်ထောင်စုအတွက် ထာဝစဉ်" သီချင်းဖြင့် ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဝန်ကြီးများက သ
အတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာမျ
များထံ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်
သွားသည်။

အဆိုပါ နယ်စပ်ဒေသတိုင်းရင်းသားလ
ကျောင်း(ကျိုင်းတုံ)၌ ပထမတန်းမှ ဒသမ
အာခါ၊ လားဟူ၊ ချင်း၊ "ဝ"နှင့် ရှမ်းတိုင်းရင်
၅၄ ဦး စုစုပေါင်း ၁၇၂ ဦး တက်ရောက်သ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်
လေယာဉ်ဖြင့် ကျိုင်းတုံမြို့မှ ထွက်ခွာကြရာ
ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံ

အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် အ
ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအ
ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆေ
ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်န
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရှမ်းပြ
ခရိုင်နှင့် ကျိုင်းတုံမြို့နယ်တို့မှ ပြည်ထောင်စု
အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှ

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါက်တာစိ
အတွင်းရေးမှူး ဦးစိုင်းလုံးဆိုင်နှင့် ကျိုင်းတုံမြို့န
တို့က ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထေ
အသင်း အဆင့်ဆင့်တို့၏ လုပ်ငန်းဆောင်ရွက်
တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးန
အတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊
ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဝန်ကြီးဗို
ဗိုလ်မှူးကြီးသိန်းညွန့်တို့က ရှင်းလင်းတင်ပြချ
ကြပြီး အသင်းကြီး၏ ရည်မှန်းချက်တာ
အစဉ်သွက်လက်ထက်မြက်စွာ ဆောင်ရွက်
လုပ်ငန်းစဉ်များအောင်မြင်ရေးနှင့် ပြည်သူ့အကျိ

အသင်းကြီး၏ ရည်မှန်းချက်တာဝန်များ မျက်ခြည်မပြတ် သွက်လက်ထက်မြက်စွာ ကျေးလက်လုပ်ငန်းများ အောင်မြင်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျိုင်းတုံမော်ကွန်း ရုပ်ရှင်ပြသမှုဌာနရုံးရှိ စက်ပစ္စည်းများ၊ ရုပ်ရှင်မှတ်တမ်း ကားခွေများနှင့် သတင်းကားခွေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း
ကိုယ့်အားကိုယ်ကိုး စာကြ
နိုင်ရန် အစွမ်းကုန်ကြိုးပမ်း၊

☆ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အ
အားလုံးက မြန်မာပိုင်းနှင့် (
ရေဒီယိုအစီအစဉ်များ ဖမ်း
FM လွှင့်စက်များထပ်မံ တ
ကို ကွင်းဆင်းလေ့လာ၍ အ

☆ ကျိုင်းတုံမြို့ပေါ်တွင် သတ
နံနက်စောစောဖတ်နိုင်အော
မြို့နယ်များသို့ သတင်းစာမ
အောင် မော်တော်ယာဉ်လို
ပေးပို့၊

ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ကျိုင်းတုံ)၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဝန်ကြီးများက သင်တန်းသား၊ သင်တန်းသူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ကျောင်းသား၊ ကျောင်းသူများထံ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ကျိုင်းတုံ)၌ ပထမတန်းမှ ဒသမတန်းအထိ နယ်စပ်ဒေသများမှ အာခါ၊ လားဟူ၊ ချင်း၊ "ဝ"နှင့် ရှမ်းတိုင်းရင်းသား ၁၁၈ ဦး၊ တိုင်းရင်းသူ ၅၄ ဦး စုစုပေါင်း ၁၇၂ ဦး တက်ရောက်သင်ကြားလျက်ရှိကြသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် ကျိုင်းတုံမြို့မှ ထွက်ခွာကြရာ ဇွန် ၁၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံ

အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးများသည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်နှင့် ကျိုင်းတုံမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါက်တာစိုင်းဆေးကော်၊ ကျိုင်းတုံခရိုင် အတွင်းရေးမှူး ဦးစိုင်းလုံးဆိုင်နှင့် ကျိုင်းတုံမြို့နယ် အတွင်းရေးမှူး ဦးစိုင်းဟွမ်နွဲ့တို့က ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကြပြီး အသင်းကြီး၏ ရည်မှန်းချက်တာဝန်များကို မျက်ခြည်မပြတ် အစဉ်သွက်လက်ထက်မြက်စွာ ဆောင်ရွက်သွားရေး၊ ကျေးလက်ဒေသလုပ်ငန်းစဉ်များအောင်မြင်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသင်းဝင်များက တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ကြသည်။

သွက်လက်ထက်မြက်စွာဆောင်ရွက်
ပြုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်

ထို့အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးရုံသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ သတ္တုတိုးချဲ့ထုတ်လုပ်ရေး၊ အမယ်သစ်ဓာတ်သတ္တုများ စူးစမ်းရှာဖွေရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ရုံးသစ်အဆောက်အအုံ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

အမှာစကားပြောကြား

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန် ၁၄ ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်း၌ ကျိုင်းတုံ ခရိုင်နှင့် မြို့နယ်ရုံးမှ ဝန်ထမ်းများ၊ ကျိုင်းတုံမြို့ကိုယ်ပွားသတင်းစာတိုက်မှ ဝန်ထမ်းများ၊ ကျိုင်းတုံမော်ကွန်းရုပ်ရှင်ပြသမှုဌာနစုမှ ဝန်ထမ်းများ၊ ကျိုင်းတုံ ခရိုင်၊ မိုင်းဖြတ်ခရိုင်၊ တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်နှင့် တုံတာ မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် ဦးစီးအရာရှိများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ခရိုင်နှင့် မြို့နယ်ရုံးများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနက ချမှတ်ထားသော ရည်မှန်းချက်တာဝန်များ အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး၊ ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်တစ်ခုဖြစ်သော ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း ကျေးရွာအားလုံးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရေး၊ ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး အဆောက်အအုံဆောက်လုပ်နိုင်ရေး၊ ပရိဘောဂများပြည့်စုံအောင် ဖြည့်တင်းနိုင်ရေးနှင့် စာအုပ်စာစောင်များ တိုးပွားရေးတို့အတွက် ကျေးရွာတာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ ကျေးရွာပြည်သူများ အသိပညာတိုးပွားရေးအတွက် စာဖတ်သည့် အလေ့အကျင့်များရရှိအောင် ပညာပေးရေး၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများအနေဖြင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိနိုင်ရေးနှင့် အစီအစဉ်များ အချိန်ပြည့် ထုတ်လွှင့်နိုင်အောင် ဆောင်ရွက်ရေး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မြန်မာ့အသံမှ ထုတ်လွှင့်လျက်ရှိသော မြန်မာပိုင်းနှင့်တိုင်းရင်းသားဘာသာ ရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် တပ်ဆင် ထုတ်လွှင့်လျက်ရှိရာ အသံကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိနေပြီဖြစ်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း ကျေးရွာများအားလုံးက မြန်မာပိုင်းနှင့် တိုင်းရင်းသားဘာသာ ရေဒီယိုအစီအစဉ်များ ဖမ်းယူရရှိနိုင်ရေးအတွက် FM လွှင့်စက်များထပ်မံ တပ်ဆင်ရန်လိုအပ်ချက်ကို ကွင်းဆင်းလေ့လာ၍ အမြန်ဆုံးတင်ပြရေး၊ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံအားလုံး၌ မိုးကြိုးလွှဲများတပ်ဆင်ထားမှုကို ပြန်လည်စစ်ဆေးပြင်ဆင်ရေး၊ စက်ရုံနှင့် ရုံးဌာနအားလုံး လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် စာဖတ်ခန်းနှင့် နံရံကပ်စာစောင်များ ခင်းကျင်းပြသထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ဝန်ကြီးသည် ဇွန် ၁၅ ရက် နံနက် ၇ နာရီခွဲတွင် ကျိုင်းတုံမြို့ ကိုယ်ပွားသတင်းစာတိုက်သို့ သွားရောက်ပြီး သတင်းစာများ ရိုက်နှိပ်ထုတ်ဝေမှုကို ကြည့်ရှုစစ်ဆေးကာ သတင်းစာများ အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်မီရိုက်နှိပ်ပြီးစီးရေး၊ ကျိုင်းတုံမြို့ပေါ်တွင် သတင်းစာကို ပြည်သူများ နံနက်စောစောဖတ်နိုင်အောင် ဖြန့်ဝေရေး၊ ပတ်ဝန်းကျင်မြို့နယ်များသို့ သတင်းစာများ နေ့တိုင်းရောက်ရှိအောင် မော်တော်ယာဉ်လိုင်းများဖြင့် အမြန်ဆုံး ပေးပို့ဖြန့်ဝေနိုင်ရေး၊ ကျေးရွာတိုင်းသို့ အနည်းဆုံး သတင်းစာတစ်စောင် ဖြန့်ဝေနိုင်အောင် ဆောင်ရွက်ရေး၊ သတင်းစာအရည်အသွေးကောင်းမွန်ရန် ပုံနှိပ်စက်များ၏ ကြံ့ခိုင်ရေးကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် အပိုင်းလိုက်ဆောင်ရွက်ရေး၊ ပျက်စီးလေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ရေးနှင့် မီးဘေးအန္တရာယ် အထူးဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျိုင်းတုံမြို့ မော်ကွန်းရုပ်ရှင်ပြသမှုဌာနရုံးသို့ သွားရောက်ပြီး စက်ပစ္စည်းများကို အမြဲတမ်းအသုံးပြုနိုင်အောင် ပြင်ဆင်ထားရှိရေး၊ ရုပ်ရှင်မှတ်တမ်းကားခွေများနှင့် သတင်းကားခွေများ ချွတ်ယွင်းပျက်စီးမှု မရှိအောင် ထိန်းသိမ်းထားရှိရေး၊ မော်ကွန်းရုပ်ရှင်ပြသမှုကို ကျေးရွာများသို့ သတ်မှတ်အကြိမ် အရေအတွက်အတိုင်း ပြသနိုင်ရေးအတွက် ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ အောက်ခြေကျေးရွာများအထိ ရောက်အောင် သွားရောက်၍ ပြည်သူများအား ဖျော်ဖြေပညာပေးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

★ ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း ကျေးရွာအားလုံးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် အစွမ်းကုန်ကြိုးပမ်း၊

★ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ကျေးရွာများအားလုံးက မြန်မာပိုင်းနှင့် တိုင်းရင်းသားဘာသာ ရေဒီယိုအစီအစဉ်များ ဖမ်းယူရရှိနိုင်ရေးအတွက် FM လွှင့်စက်များထပ်မံ တပ်ဆင်ရန်လိုအပ်ချက်ကို ကွင်းဆင်းလေ့လာ၍ အမြန်ဆုံးတင်ပြ၊

★ ကျိုင်းတုံမြို့ပေါ်တွင် သတင်းစာကို ပြည်သူများ နံနက်စောစောဖတ်နိုင်အောင်ဖြန့်ဝေ၊ ပတ်ဝန်းကျင်မြို့နယ်များသို့ သတင်းစာများ နေ့တိုင်းရောက်ရှိအောင် မော်တော်ယာဉ်လိုင်းများဖြင့် အမြန်ဆုံး ပေးပို့၊

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျိုင်းတုံမြို့ ကိုယ်ပွားသတင်းစာတိုက်တွင် ရိုက်နှိပ်သည့် သတင်းစာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၆–၂၀၀၅ (တနင်္လာနေ့)

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း (၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၂၀ ၈။ ကျောက်ကြီးပေါက်တံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ – တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ အတီးပြိုင်ပွဲ
- ၅:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၅:၅၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၆:၀၅ ၁၀။ တေးဂီတအစီအစဉ်
- ၆:၁၅ ၁၁။ Discovery.
- ၆:၂၀ ၁၂။ **နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "မျောက်မင်းဂူခုန်" (အပိုင်း–၁၀၃)**
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ ၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပညာ ဘာသာရပ် သင်တန်း ပို့ချချက်
- ၇:၃၀ ၁၆။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၇:၄၅ ၁၇။ အမျိုးသမီးများ ပြဿနာအဖြေရှာ
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း–၂၇)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)အားဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ရန်ကုန်ပြည်လမ်းမကြီးနှင့် မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ ကျေးရွာချင်းဆက် ဂဝံလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်နှင့် မှော်ဘီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးညွန့်အောင် (အငြိမ်းစား)တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂဝံလမ်းသစ်ဖွင့်

ရှေးဦးစွာ ပိန္နဲကုန်းကျေးရွာ ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ဖွင့်ပွဲကို ကျင်းပရာ မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးညွန့်အောင်(အငြိမ်းစား) တို့က ရန်ကုန်– ပြည်လမ်းမကြီးနှင့် မှော်ဘီမြို့နယ်သန္ဓေပင်ကျေးရွာအုပ်စု ပိန္နဲ ကုန်းကျေးရွာ ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လမ်းအကျယ် ၁၀ပေ၊ အရှည်ပေ ၃၅၀၀ ရှိ ရန်ကုန်–ပြည်လမ်းမကြီးနှင့် ပိန္နဲကုန်းကျေးရွာ ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဖဲကြိုးဖြတ်

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးညွန့်အောင် (အငြိမ်းစား)တို့က ရန်ကုန် အမှတ်(၄) လမ်းမကြီးနှင့် မှော်ဘီမြို့နယ် ယင်းတိုက်ပင် ကျေးရွာအုပ်စု သဲဖြူကျေးရွာ ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လမ်းအကျယ် ၁၂ ပေ၊ အရှည်ပေ ၁၅၀၀ ရှိ ရန်ကုန်အမှတ်(၄)လမ်းမကြီးနှင့် သဲဖြူကျေးရွာ ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ကျောင်းဆောင်သစ်ဖွင့်

ထို့နောက် သဲဖြူကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အစီအစဉ်ကို အဆိုပါ ကျောင်းရှေ့မှခ်ဦး၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဇော်စိုး၊ မြို့နယ်ပညာရေးမှူး ဦးမြသိန်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးညွန့်အောင် (အငြိမ်းစား)တို့က သဲဖြူကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်များကို မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျောင်းပညာရေးရန်ပုံငွေအတွက် ရန်ကုန်တိုင်းအေးချမ်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)အားဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ရန်ကုန်အမှတ်(၄) လမ်းမကြီးနှင့် မှော်ဘီမြို့နယ် ယင်းတိုက်ပင်ကျေးရွာအုပ်စု သဲဖြူကျေးရွာ ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်နှင့် မှော်ဘီ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးညွန့်အောင်(အငြိမ်းစား)တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မှော်ဘီမြို့နယ် သဲဖြူကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)က ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင်၃၀နှင့် ခဲတံဒါဇင်၃၀တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူ လက်ခံစဉ်။

(သတင်းစဉ်)

မှော်ဘီမြို့နယ် သဲဖြူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ကိုတွေ့မြင်ရစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅)အား ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ရန်ကုန်-ပြည်လမ်းမကြီးနှင့် မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၀ မှ

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟိုဌာနချုပ်)က ငွေကျပ်နှစ်သိန်း၊ မှော်ဘီမြို့နယ် မထသယာဉ်လိုင်းက ငွေကျပ် ၅၀၀၀၀ နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)က ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၃၀ နှင့် ခဲတံဒါဇင် ၃၀ တို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မုထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး ဦးမြသိန်းက ကျောင်းဆောင်သစ်ဆောက်လုပ် လှူဒါန်းပေးခြင်းအတွက် ကျေးရွာပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် သဲဖြူကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ တစ်ထပ်အုပ်ညှပ် အဆောက်အအုံဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၆၄သိန်းကျော် အကုန်အကျခံ ဆောက်လုပ် ဖွင့်လှစ်ခြင်းဖြစ်သည်။ (သတင်းစဉ်)

အဘိဓမ္မာစာပြန်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၉

ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၈)ကြိမ်မြောက် အဘိဓမ္မာ(အာဂမ-သဘာဝ) စာတော်ပြန်ပွဲကြီးကို ၁၃၆၇ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်မှ ၁၀ရက်အထိ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

စာတော်ပြန်ပွဲ ဝင်ရောက်ဖြေဆိုမည့် ရဟန်းရှင်လူပုဂ္ဂိုလ်များသည် ဝင်ခွင့်ပုံစံများကို ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ရုံးခန်းတွင် ဇူလိုင်၂၃ရက်မှစ၍ တောင်းခံရယူပြီး ၁၃၆၇ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ရက်၊ ဩဂုတ် ၂၀ရက် (စနေနေ့)မတိုင်မီ ပြန်လည်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉-၆-၂၀၀၅

ခန္တီး	-	၃ ဒသမ ၁၅ လက်မ
ကိုကိုးကျွန်း	-	၂ ဒသမ ၃၆ လက်မ
မြစ်ကြီးနား	-	၂ ဒသမ ၂၄ လက်မ
သံတွဲ	-	၁ ဒသမ ၆၁ လက်မ
ကော့သောင်း	-	၁ ဒသမ ၁၀ လက်မ

မြန်မာ့လက်ရွေးစင် ဘောလုံးသမား စိုးမြတ်မင်းအား အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက ချီးမြှင့်သော Sport and Fairplay ဆုပေးအပ်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီမှ ချီးမြှင့်သည့် 2005-IOC Trophy 'Sport and Fairplay' ဆု ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် နာယကများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးက အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီမှ ချီးမြှင့်သည့် 2005-IOC Trophy 'Sport and Fairplay' ဆုကို မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမား စိုးမြတ်မင်းအား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခမ်းအနားမှူးက မြန်မာ့လက်ရွေးစင်ဘောလုံးအားကစားသမား စိုးမြတ်မင်းအား အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီမှ ဆုရွေးချယ်ပေးအပ်ချီးမြှင့်ရသည့် အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအား ၂၀၀၅ ခုနှစ်အတွက် Sport and Fair Play trophy ချီးမြှင့်နိုင်ရေးအတွက် အဆိုပြုတင်ပြရန်ကမ်းလှမ်းခဲ့ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် အဆိုပါဆုနှင့် ထိုက်တန်စွာ အားကစားသမားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းခေါင်းဆောင် စိုးမြတ်မင်းကို စိစစ်ရွေးချယ်တင်ပြခဲ့ကြောင်း။

ပါဝင်ကစားခဲ့

စိုးမြတ်မင်းသည် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းခေါင်းဆောင် တစ်ဦးလည်း ဖြစ်ကြောင်း၊ စိုးမြတ်မင်းသည် မိခင်ကလပ်အသင်းဖြစ်သည့် ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းတွင် ပါဝင်ကစားခဲ့ရာ ၂၀၀၃-၂၀၀၄ အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲတွင် ပထမ၊ ၂၀၀၃-၂၀၀၄ အဆင့်မြင့်တန်း ရှုံးထွက်ဘောလုံးပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၀၄-၂၀၀၅ ခုနှစ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် ပထမ၊ ၂၀၀၄ ခုနှစ် IFA Shield အိန္ဒိယ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့ပြီး ပထမ၊ ၂၀၀၄ ခုနှစ် (၅)ကြိမ်မြောက် Tiger Cup ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့ပြီး အသင်းအနေဖြင့် စတုတ္ထအဆင့်ရရှိခဲ့ကြောင်း၊ အဆိုပါ Tiger Cupဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် နိုင်ငံထဲမှ အကောင်းဆုံးအားကစားသမားဆု ချီးမြှင့်ရန် သက်ဆိုင်ရာ Organization Committee က အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ခဲ့ရာ ဒုတိယအမှတ်အများဆုံးရရှိခဲ့သူလည်းဖြစ်ကြောင်း။

စိုးမြတ်မင်းသည် AFC အာရှဘောလုံးအဖွဲ့ချုပ်၏ ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် ချစ်ကြည်ရေးသံတမန်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရပြီး အမျိုးသားအဆင့်မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးလည်း ဖြစ်ကြောင်း။

အဆိုပြုတင်ပြ

စိုးမြတ်မင်းသည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့မှ ချီးမြှင့်ခဲ့သည့် ၂၀၀၄ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားအားကစားသမားဆုကိုလည်းကောင်း၊ အားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်းမှ ချီးမြှင့်သည့် ၂၀၀၄ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုကိုလည်းကောင်း၊ ဘောလုံးအားကစားကလောင်ရှင်များ အသင်းမှ ချီးမြှင့်သည့် (၅)ကြိမ်မြောက် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ မြန်မာလက်ရွေးစင်အသင်း၏ အကောင်းဆုံးဘောလုံးသမားဆုကိုလည်းကောင်း၊ နိုင်ငံတော်မှ ချီးမြှင့်သည့် လူမှုထူးချွန်(တတိယဆင့်) ဂုဏ်ထူးဆောင်တံဆိပ်ကို ရရှိခဲ့သူတစ်ဦးဖြစ်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက စိုးမြတ်မင်းအား IOCမှ ချီးမြှင့်သည့် ၂၀၀၅ခုနှစ် Sport and Fairplay Trophy ချီးမြှင့်ရန် အဆိုပြုတင်ပြခဲ့ရာ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက 2005 IOC Trophy Sport and Fairplay ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့သဖြင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် ယခုကဲ့သို့ ချီးမြှင့်ဂုဏ်ပြုရခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အမှတ်-၆၅၊ ခြောက်လွှာ၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးဟိုလှိုင်၊ ဒေါ်ရှုရီတို့ကို ရည်စူး၍ ဦးအောင်နိုင်၊ ဒေါ်အေးအေးမာ၊ သား အာကာအောင်နိုင် မိသားစုက ငွေကျပ်တစ်သိန်းနှင့် FEC 57ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပညာရေးအတွက် အိုင်စီတီပြိုင်ပွဲအကြောင်း ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူး၍ Educational Project နှင့် School Website ပြိုင်ပွဲအကြောင်း ရှင်းလင်းဟောပြောပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် လှိုင်မြို့နယ် MICT Parkရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းနာယက ဦးဘိုဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်က ပြိုင်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက School Net Project ကို လည်းကောင်း၊ Inforithm-Maze မှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းစုငြိမ်းက School Website ပြိုင်ပွဲအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အတွင်းရေးမှူးဦးသိန်းထွန်းဖေက ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲ သုံးသပ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဒါရိုက်တာ ဒေါ်မြင့်မြင့်သန်းက နိုင်ငံတကာ ပြိုင်ပွဲအတွေ့အကြုံများကိုလည်းကောင်း၊ Asia Pacific ICT Award ပြိုင်ပွဲဆုရ မောင်ထူးမြင့်နောင်က ပြိုင်ပွဲအတွေ့အကြုံများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်သန်းညွှန့်က ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းများ အကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စစ်ဆေး

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းအား စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ အမှိုက်များ ရှင်းလင်းလျက်ရှိမှုနှင့် လမ်းဖြတ်မြေအောက်ရေနုတ်မြောင်းအား ဆယ်ယူရှင်းလင်းလျက်ရှိမှုတို့ကိုလည်းကောင်း၊ ကျောက်တံတားမြို့နယ် ၃၈ လမ်းနှင့် ပန်းဆိုးတန်းလမ်းကြား မဟာဗန္ဓုလလမ်းဘေး လူသွားစင်္ကြံအား ကွန်ကရစ်ကျောက်ပြားများဖြင့် အဆင့်မြှင့်တင်ခင်းကျင်းမှုကိုလည်းကောင်း၊ တာမွေမြို့နယ် ယုဇနပလာဇာရှေ့ ဗညားဒလလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ဗညားဒလလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်မှုကို လည်းကောင်း၊ တာမွေမြို့နယ် ဗညားဒလလမ်းအား စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အဆင့်မြှင့်တင်ခင်းကျင်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ကျောက်တံတားမြို့နယ် ၃၈ လမ်းနှင့် ပန်းဆိုးတန်းလမ်းကြား မဟာဗန္ဓုလလမ်းဘေး လူသွားစင်္ကြံအား ကွန်ကရစ်ကျောက်ပြားများဖြင့် အဆင့်မြှင့်တင်ခင်းကျင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ကြည့်ရှုစစ်ဆေး

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် မန္တလေးတိုင်း ညောင်ဦးခရိုင် ပုဂံမြို့ဟောင်းအတွင်း အသစ်ပြန်လည်တည်ဆောက်လျက်ရှိသော အနော်ရထာမင်းကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ယဉ်ကျေးမှု)

ယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် မြန်မာ့သမိုင်းအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်နှင့် ဦးသော်ကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးညွန့်ဟန်တို့လိုက်ပါလျက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ရွှေနန်းတော်တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ ဗိသုကာ အင်ဂျင်နီယာ ဦးသော်က အနော်ရထာမင်းတရားကြီး၏ နန်းဆောင် ၁၂ ဆောင်၏ နန်းခုံတည်ဆောက်ပြီးစီးမှုနှင့် ပဥ္စပါသာဒ နန်းဆောင်ကြီးရှိ ပြာသာဒ်ငယ် လေးဆောင်၌ ဘုံဆင့်များတည်ဆောက်ပြီးစီးမှု၊ ပင်မပြာသာဒ်ဆောင်ကြီး၏ အဖြူထည်လုပ်ငန်းပြီးစီးနေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာမှုပညာရှင် တမ္ပဝတီဦးဝင်းမောင်က ဘုံဆင့်များ၌ တပ်ဆင်မည့် မြန်မာမှု အမွှန်းပန်းများ ထုလုပ်ပြီးစီးနေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့သမိုင်းအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်နှင့် ဦးသော်ကောင်းတို့က ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးသည် ညနေပိုင်းတွင် ပျဉ်ပြားမင်းလက်ထက် ပုဂံနန်းတော်ရာ နေရာဟောင်းကို သွားရောက်ကြည့်ရှုပြီး ခိုင်မာသော သမိုင်းအထောက်အထားများရရှိရေးအတွက် စနစ်တကျ တူးဖော်သုတေသန ပြုရန်မှာကြားသည်။

ဝန်ကြီးသည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် မြန်မာ့သမိုင်းအဖွဲ့-အဖွဲ့ဝင်နှစ်ဦးနှင့်အတူ တူရွင်းတောင် အရှေ့ဘက် တောင်ဘက်ရှိ ရှင်အရဟံ ရဟန္တာမထေရ်မြတ်ကြီး၏ အရိုးအိုးစေတီဖြစ်သော ထီးတန်ဆောင်းဘုရားကို သွားရောက် ဖူးမြော်ကန်တော့ပြီး ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန္တာမထေရ်မြတ်ကြီး၏ အထိမ်းအမှတ် အရိုးအိုးစေတီ တာရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန် မှာကြားသည်။ ဆက်လက်၍ ထီးတန်ဆောင်း ဘုရားကို စောင့်ရှောက်လျက်ရှိသော ဆရာတော် ဦးဉာဏအား ဖူးမြော်ကန်တော့သည်။

ထို့မှတစ်ဆင့် ယုန်လွှတ်ကျွန်းနန်းတော်ရာနေရာသို့ သွားရောက်၍ သမုဒ္ဒရာဇ်မင်းမှ ပိုက်သေလည်မင်းအထိ မင်းခြောက်ဆက်နန်းစိုက်ခဲ့သော ယုန်လွှတ်ကျွန်းနေရာကို နယ်နိမိတ်အပိုင်းအခြား သတ်မှတ်ဖော်ပြ၍ ကာကွယ်ထိန်းသိမ်းထားရှိရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အနော်ရထာ မင်းတရားကြီး၏ အရိမဒ္ဒနပူရ ရွှေနန်းတော်တည်ဆောက်ရေးရှင်းလင်းဆောင်သို့ သွားရောက်ပြီး နန်းတော်အမိုးဒီဇိုင်းနှင့် ပတ်သက်၍ မြန်မာ့သမိုင်း အဖွဲ့-အဖွဲ့ဝင်များနှင့် ဆွေးနွေးညှိနှိုင်းသည်။ ဆက်လက်၍ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်၍ လူမှုရေး ဘဝသရုပ်ဖော် (၁၁) ရာစု ပုဂံရွာ ပုံစံငယ်ပြခန်းနှင့် ကမ္ပည်းကျောက်စာပြခန်းတို့ကို လည်းကောင်း၊ ပုဂံနန်းတော်ပြခန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဖူးမြော်ကြည်ညို

ညနေပိုင်းတွင် ဝန်ကြီးသည် စူဠာမဏိ ဘုရားကြီးအနီးရှိ အရှင်ဒိသာပါမောက္ခဘွဲ့ခံ (ဦးကျည်ပွေ့)အား စာစစ်မေးသည့် (အဟန်းကန်)ခေါ် စာမေးကန်ကို သွားရောက်ကြည့်ရှုပြီး လောကနန္ဒာစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော်ကုန်းအား ရေတိုက်စားမှုဒဏ်မှ ကာကွယ်နိုင်ရေးအတွက် လိုအပ်သောထိန်းသိမ်းမှုများ တင်ပြဆောင်ရွက်သွားရန် မှာကြားသည်။

ဝန်ကြီးသည် ဇွန် ၁၇ ရက်တွင် တာဝန်ရှိသူများနှင့်အတူ ရွှေစည်းခုံစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ရွှေစည်းခုံစေတီတော်အနီးရှိ နတ်ထောင့်ပိဋကတ်တိုက်၏ အနောက်ဘက်အုတ်နံရံကို ပုဂံရှေးဟောင်း သုတေသနဌာနခွဲက ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ညောင်ဦးမြို့အနီးရှိ တရားမင်းခေါင်လိုဏ်ဂူကို သွားရောက်ကြည့်ရှုသည်။(သတင်းစဉ်)

ဇွန်လ တတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဇွန် ၁၉

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်သည်။

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၂၄၀ စင်တီမီတာ (၈ပေ) ခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၈၀ စင်တီမီတာ (၆ပေ) ခန့်နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅ပေ) ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၂၇၀ စင်တီမီတာ (၉ပေ)ခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၂၁၀ စင်တီမီတာ (၇ပေ) ခန့် လက်ရှိရေမှတ်များအထက် မြင့်တတ်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းချက်ထုတ်ပြန်ထားသည်။

အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် ဘောဂလမ်း အမှတ် ၁၅၇ နေ ဒေါ်အုန်းကြွေနှင့်ညီမ ဒေါ်ရင်ရင်လှတို့က အင်းစိန်မြို့ ကွက်သစ်ရပ်ကွက် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အသင်းတွဲဖက် ဘဏ္ဍာရေးမှူး(၁) ဦးခင်မောင်ကြီးနှင့် အဖွဲ့က လက်ခံရယူစဉ်။ (က-ပ)

ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် သုံးဘီးတပ်နှင့် လေးဘီးတပ် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲကို ယနေ့နံနက် ၆နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းမှ အမှုဆောင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အလားတူ ၂၀၀၅ ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော တင်းနစ်ပြိုင်ပွဲများကို နံနက် ၈ နာရီတွင် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှု အားပေးကြသည်။

၂၀၀၅ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၉ရက်က အမျိုးသားရေကူးကန်ရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစား အဖွဲ့ချုပ် နာယက ဒေါ်မူမူဝင်း(စားပွဲတင် တင်းနစ် အားကစားနည်း တာဝန်ခံနာယကအဖွဲ့ခေါင်းဆောင်) အမျိုးသား အလွတ်တန်းပြိုင်ပွဲဆု ရရှိသူများအားဆုချီးမြှင့်စဉ်။ (ကြေးမုံ)

၂၀၀၅ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် လျှပ်တစ်ပြက်တင်းနစ်ပြိုင်ပွဲကို သိမ်ဖြူတင်းနစ်ကွင်းတွင် ဇွန် ၁၉ရက်က ကျင်းပရာ နှစ်ယောက်တွဲ ပြိုင်ပွဲ၌ ဝင်းထက်ပိုင်-အောင်ကျော်နိုင်အတွဲယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ဆက်လက်၍ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၅ ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် စားပွဲတင် တင်းနစ်နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁နာရီတွင် ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

တင်းနစ်ပြိုင်ပွဲ

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၅ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် စားပွဲတင် တင်းနစ်ပြိုင်ပွဲကို မွန်းလွဲ ၁၂နာရီခွဲတွင် ဦးဝိစာရလမ်း အမျိုးသား ရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရွှေတိုင်ခြင်းလုံးရုံ

ဆက်လက်၍ မြန်မာနိုင်ငံ ခြင်းလုံး အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် ခြင်းလုံး သရုပ်ပြခတ် ကစားပြပွဲကို ကြည့်မြင်တိုင်မြို့နယ် ဈေးကလေး ရပ်ကွက် ထီးတန်းအိမ်ရာရှိ ရွှေတိုင်ခြင်းလုံး အားကစားရုံ၌ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံခြင်းလုံး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ခြင်းလုံးအလှခတ်သရုပ်ပြအသင်းဝင်းသင်းမှ အားကစားသမားများ၊ ခြင်းလုံး အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ ဂျာမနီနှင့် အာဂျင်တီးနားအနိုင်ရ

ကိုလုံး ဇွန် ၁၉

ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် စနေနေ့ကကျင်းပသော ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဂျာမနီအသင်းသည် အုပ်စု(က) ဒုတိယမြောက်ပွဲ၌ တရုတ်ရားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်တော့မည်ဖြစ်သည်။

အိမ်ရှင်ဂျာမနီအသင်းသည် ယခုအခါ နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ခြောက်မှတ်ရရှိကာ အုပ်စု(က)တွင် ထိပ်ဆုံးမှရပ် တည်လျက်ရှိသည်။ ဂျာမနီအသင်းသည် ယခုရက်သတ္တပတ်အစောပိုင်းက ဩစတြေးလျအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးဖြစ်သည်။

ယခုပွဲတွင် ဂျာမနီအသင်းသည် ဒုတိယပိုင်းရောက်မှသာ သုံးဂိုးစလုံးကို သွင်းယူနိုင်ခဲ့သည်။ မိုက်ကယ်ဘောလက်၊ ဘက်စတီယန် ရှဝိန်စတေးဂါးနှင့် မိုက်ဟန်းကက်စ်တို့က ဂျာမနီအသင်းအတွက် အနိုင်ဂိုးများကို ၁၆မိနစ်အတွင်း တစ်လုံးပြီးတစ်လုံး ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။

ပထမပိုင်းတွင် နှစ်ဖက်စလုံး ခြေရည်တူကစားခဲ့ကြသည်။ တရုတ်ရားနိုင်ငံအသင်းသည် ဂျာမနီအသင်း၏ နောက်တန်းကို ထိုးဖောက်ဖိကစားနိုင်ခဲ့သည်။ သို့ရာတွင် ဂျာမနီအသင်းအတွက် ခက်ခက်ခဲခဲ ရုန်းကန်နေရမှုများမှ ကျော်လွှားလွန်မြောက်စေရန် ဖန်တီးပေးနိုင်သူမှာ မိုက်ကယ်ဘောလက်ဖြစ်သည်။ ပွဲချိန် ၇၄မိနစ်တွင် ပိုင်နယ်တီမှတစ်ဆင့် ၎င်းကဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းနောက်ပိုင်း လူးကတ်ပိုဒေါ်စကီး ဖြတ်ပို့ပေးလိုက်သော ဘောလုံးမှတစ်ဆင့် ရှဝိန်စတေးဂါးက ဂိုးသွင်းခဲ့သည်။ အစားဝင်လာသူ မိုက်ဟန်းကက်စ်သည် ဂျာမနီအသင်းအတွက် တတိယမြောက်ဂိုးကို ပွဲချိန် ၈၈မိနစ်တွင် သွင်းယူခဲ့သည်။

ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် စနေနေ့ က ကျင်းပသော ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်းမှ ဆီဘက်စတီယန် ဒိုင်စလာနှင့် တရုတ်ရားအသင်းမှ ဆန်တို့ခ်တို့ ဘောလုံးရရှိရေး အပြိုင်ကြိုးပမ်းစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဂျင်တီးနား-ဩစတြေးလျ

ဂျာမနီနိုင်ငံ နျူရင်ဘတ်မြို့တွင် စနေနေ့က ကျင်းပသည့် အုပ်စု(က) အခြားပွဲ၌ အာဂျင်တီးနားအသင်းက ဩစတြေးလျအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဂျာမနီအသင်းနှင့်အတူ အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်မည်ဖြစ်သည်။

အာဂျင်တီးနားအသင်းမှ တိုက်စစ်မှူး လူစီယာနိုဖီဂူရို တစ်ဦးတည်းက သုံးဂိုးသွင်းယူကာ hat-trick ရရှိသည်။ အာဂျင်တီးနားအသင်းသည် ဂျာမနီအသင်းနည်းတူ နှစ်ပွဲကစားပြီး ခြောက်မှတ်ရရှိသော်လည်း ဂိုးကွာခြားချက်အရ အုပ်စု(က)တွင် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသည်။ အာဂျင်တီးနားနှင့် ဂျာမနီအသင်းတို့သည် အုပ်စုအဆင့် နောက်ဆုံးပွဲအဖြစ် နျူရင်ဘတ်မြို့တွင် ဇွန် ၂၁ရက်၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပွဲချိန် ၁၂မိနစ်တွင် ဖီဂူရိုက အာဂျင်တီးနားအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲချိန် ၃၁ မိနစ်တွင် ယွန်ရီကွဲမီးက ပိုင်နယ်တီသွင်းယူခဲ့သည်။ ပွဲချိန် ၅၃မိနစ်တွင် ဖီဂူရိုကပင် ဂိုးသွင်းနိုင်ခဲ့ပြီး ပြိုင်ဘက်အသင်းအပေါ် အလွယ်တကူပင် အနိုင်ယူတော့မည့် လက္ခဏာကို ပြသခဲ့သည်။

သို့ရာတွင် ဩစတြေးလျအသင်းက အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်လာပြီး ပွဲချိန် ၆၁ မိနစ်နှင့် ပွဲချိန် မိနစ် ၇၀ တို့တွင် ဂျွန် အလွိုင်စီ တစ်ဦးတည်းက သွင်းယူခဲ့သည်။ အာဂျင်တီးနားမှ လူစီယာက ပွဲပြီးခါနီး တစ်မိနစ်အလို၌ စတုတ္ထဂိုး သွင်းခဲ့သည်။ **ဆင်ဟွာ။**

“ချစ်ခြင်းငယ်ပြိုင်” ဇာတ်ကားဆက်လက်ပြသ

ရန်ကုန် ဇွန် ၁၉

မြန်မာရုပ်ရှင်ကားသစ်ရုံတင်ခြင်းမရှိဘဲပြသဆဲ **“ချစ်ခြင်းငယ်ပြိုင်”** ဇာတ်ကားနှင့် **“ကျန်စစ်မင်း”** ဇာတ်ကားတို့ ဆက်လက်ပြသနေသည်။

ချစ်ခြင်းငယ်ပြိုင်

ဒေါက်တာမြမြဝင်း၏ဝတ္ထုကို အကယ်ဒမီ ကိုကိုလေး ဇာတ်ညွှန်းရေးဖွဲ့ပြီး ဒါရိုက်တာ ကြည်စိုးထွန်းနှင့် တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးတို့ ရိုက်ကူးထားသည့် **“ချစ်ခြင်းငယ်ပြိုင်”** ဇာတ်ကားသည် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့၌ ဆက်လက်ပြသလျက်ရှိသည်။

မိဘမေတ္တာဖော်ကျူး

ချစ်သူနှင့်ကွေကွင်း၍မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ခဲ့ရသူတို့၏ ကြာရှည်ခိုင်မြဲမှုမရှိသော အိမ်ထောင်ရေးသဘာဝကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ အဆိုပါ အိမ်ထောင်ရေးအခြေအနေတွင် မိခင်နှင့် ဖခင်ကြားဗျာများရသော သားသမီးများအကြောင်းကို ပီပြင်စွာ ရိုက်ကူးထားသည်။ အထူးသဖြင့် မိဘများ၏သားသမီးအပေါ်ထားသည့်ကြီးမားသော မေတ္တာကို ဖော်ကျူးထားသည့် ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။ အဆိုပါဇာတ်ကားတွင် ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊ စိုးမြတ်နန္ဒာနှင့် ရွှေသွေးတို့ ခေါင်းဆောင်ပါဝင်ကြသည်။

“ကျန်စစ်မင်း” ဇာတ်ကားမှ လူမင်း။

ကျန်စစ်မင်း

ဒါရိုက်တာ၊ သရုပ်ဆောင် မင်းသား လူမင်းကိုယ်တိုင် ရိုက်ကူးသရုပ်ဆောင်ထားသည့် **“ကျန်စစ်မင်း”** ဇာတ်ကားမှာ ရှေ့ဆောင်နှင့်နေပြည်တော်ရုံများတွင်ဆက်လက်ပြသနေပြီး ပရိသတ်အားပေးမှု ရနေဆဲဖြစ်သည်။

ရွှေဂုန်ရုပ်ရှင်ရုံ မြေညီထပ်တွင် ရန်အောင်၊ ဒွေး၊ နန္ဒာလှိုင်နှင့် ထွန်းအိန္ဒြာဗိုတို့ပါဝင်ကြသည့် **“အချစ်နှင့် သူ၏ဂုဏ်သိက္ခာ”** မြန်မာဇာတ်ကား ပြသနေသည်။

ရွှေဂုန်ရုံ

ရွှေဂုန်ရုံ အပေါ်ထပ်တွင် **First Knight** နိုင်ငံခြားဇာတ်ကား ပြသနေပြီး မြို့မရုံတွင် **Kahin Pyaar Na Ho Jaaye** အိန္ဒိယ ဇာတ်ကား ပြသနေသည်။

(ကြေးမုံ)

“ချစ်ခြင်းငယ်ပြိုင်” ဇာတ်ကားမှ ရွှေသွေးနှင့် စိုးမြတ်နန္ဒာ။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ် (၃၃)ဖြန့်ချိ

ရန်ကုန် ဇွန် ၁၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၃)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ၊ လန်ဒန်တက္ကသိုလ်မှ ဘီအေ(အင်္ဂလိပ်စာ)ဘွဲ့ မြန်မာနိုင်ငံကအဝေးရောက်ရယူနိုင်ပြီ၊ တူးဖော်တွေ့ရှိသော အုတ်မြို့ရိုးလိုဏ်ခေါင်းကြီးများအရ မင်းတုန်းမြို့သည် နှစ်ထပ်မြို့ကြီးတစ်မြို့ဖြစ်ကြောင်းတွေ့ရ၊ ဧကတစ်ထောင်ကျယ် ခေတ်မီသစ်ခွစိုက်ခင်းတစ်ခုနယ်စပ်တွင် အကောင်အထည်ဖော်စိုက်ပျိုးရန်စီစဉ်နေ၊ မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်တွင် အအေးခန်းနှင့် ပြခန်းများတည်ဆောက်မည်၊ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးလိုသူများရှိနေ ဗုံးအတုဖန်တီး၍ ပြည်သူများအထိတ်တလန့်ဖြစ်အောင်ပြုလုပ် စသည့် မျက်မှောက်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

နိုကီယာမိုဒယ်လ်သစ်များ ထပ်မံထုတ်လုပ်၊ စင်ကာပူက အင်ဒိုအိမ်ဖော်များ ပြုတ်ကျသေဆုံးမှုတိုးပွားနေ၊ လေဖြတ်ရောဂါရှင်များ ပင်ရိုးကလာပ်စည်းကုထုံးဖြင့် ကုသအောင်မြင် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်မာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း ၅၄၈၈၈၀ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (၂၀၀၅)ညီလာခံအား ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ကျေးရွာချင်းဆက် ဂဝံလမ်းသစ်များဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)အား ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ကျေးရွာချင်းဆက် ဂဝံလမ်းသစ်များဖွင့်ပွဲနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက် ၈နာရီတွင် အဆိုပါကျေးရွာများနှင့် ကျောင်းတို့၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေး ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားများသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)အား ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် မှော်ဘီမြို့နယ် သဲဖြူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်စဉ်နှင့် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး၊ မြို့နယ်ပညာရေးမှူးဦးမြသိန်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးညွန့်အောင်(အငြိမ်းစား)တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဆောင်းပါးအညွှန်း

▶ ယင်းသမိုင်းပုံရိပ်၏ လက်ဆင့်ကမ်း အမွေကို မျက်မှောက် မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆက်ခံထိန်းသိမ်းပြီး မြန်မာအမျိုးသမီးများဘဝမြှင့်တင်ရေး၊ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့်အတူ နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်တည်ပေါ်ထွန်းရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိသည်။

နှင်းဝတ်ရည်ဦး(မွန်ပြည်နယ်)၏ "သူ့ကျွန်မခံ မြန်မာအမျိုးသမီးများ၏ အားမာန်" ဆောင်းပါး (စာမျက်နှာ–၆)

ကိုယ့်အားကိုယ်ကိုး ခပေါင်းချောင်းကူးတံတားနှင့် ဆွာချောင်းကူးတံတား ဖွင့်ပွဲကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ယမန်နေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့ကို ဆက်သွယ်ပေးသည့် ကိုယ့်အားကိုယ်ကိုး ခပေါင်းချောင်းကူးတံတားဖွင့်ပွဲသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့

ဝံသာနုတရား လက်ကိုင်ထား

ခိုင်မာအင်အား မြန်မာအမျိုးသမီးများ